ဗုဒ္ဓသာသနာဘာရော အဝဿံ ပဟိတဗ္ဗော
“ငါသည် ဗုဒ္ဓသာသနာ့တာဝန်ကို မချွတ်ထမ်းဆောင်ရမည်။”

# သာထွန်းပြန်

၁၃၇၈ ခုနှစ်၊ တန်ခူး-ကဆုန်၊ ၂၀၁၆ ခုနှစ်၊ မေလ ၊ အတွဲ (၂၁)၊ အမှတ် (၉)

ဓမ္မစာစောင်



## ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စု မပြိုကွဲရေး - ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး - ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး - ဒို့အရေး

## စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

- ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။

- ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

# သာထွန်းပြန့် ဓမ္မစာစောင်

**ဗုဒ္ဓသာသနဘာရော အမှ သဗ္ဗပါဏဟိတော**

**ငါသည် ဗုဒ္ဓသာသနာ့တာဝန်ကို မချွတ်ယွင်းဆောင်ရမည်**


အတွဲ (၂၁)၊ အမှတ် (၉)၊ ၁၃၇၈ ခုနှစ်၊ တန်ခူး - ကဆုန်၊
၂၀၁၆ ခုနှစ်၊ မေလ


**နာယကကြီးများ**

သူရဦးအောင်ကို (ပြည်ထောင်စုဝန်ကြီး)
သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

ဦးခိုင်အောင် (အမြဲတမ်းအတွင်းဝန်)

တာဝန်ခံညွှန်ကြားရေးမှူးချုပ်၊
သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန

**စာတည်းချုပ်**

စိုးမင်းထွန်း

**တာဝန်ခံစာတည်း**

တက္ကသိုလ် သျှင်သီရိ (ဓမ္မာစရိယ၊ ဘီအေ)

**ပရု(ဖ်)အယ်ဒီတာ**

ဦးကြည်မြင့် (သာသနဓဇ ဓမ္မာစရိယ)

**ထုတ်ဝေသူ**

ဦးစိုးမင်းထွန်း (ဒုတိယညွှန်ကြားရေးမှူးချုပ်)
သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန
မှတ်ပုံတင်အမှတ် - ၀၁၃၆၇

## မာတိကာ


၄ မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး၏ ဩဝါဒကထာ

၅ မျက်နှာဖုံးပုံရိပ်
"ကဆုန်လ"

၇ စာတည်းအာဘော်
စည်းလုံးညီညာ အောင်ကြောင်းဖြာ အချင်းချင်း ညီညွတ်ကြပါ"

၉ န-ပ-သ ပါမောက္ခချုပ် ဆရာတော် ဘဒ္ဒန္တကုမာရ၏ ဩဝါဒကထာ

၁၄ ဝစီကံကြွေး — လေလှိုင်း-ထန်းလိန်း

၁၅ မြင်းရိုင်း၊မြင်းယဉ်ပမာသွင်သို့ — ကိုသိန်းဆွေ (ဆင်စွယ်)

၁၆ သံသရာထဲမှာ မင်းသူငါ — ဖျာပုံ-ဇော်တ

၁၇ မိလိန္ဒပဉှာ

၁၈ ခင်ပွန်းကြီးဆယ်ပါးဆိုသည်မှာ

အဂ္ဂမဟာပဏ္ဍိတ အရှင်ကုမာရ

၂၁ ကုသိုလ်လည်းရ ဝမ်းလည်းဝ ဂါထာတော်

ဌေးဌေးဇင် (ဖယ်ခုံ)

၂၄ ဆေးဆရာ ဇီဝကထုံး နှလုံးမူ၍

အရှင်နန္ဒိသေန (ဒေါင်းသာ)

၂၉ အရိပ်ပမာ မခွဲခွါသည့် ဝဋ်ကြွေးကြမ္မာ

အရှင်ပညာနန္ဒ (ထုံးဘို)

၃၆ တောင်တန်းသာသနာပြုဆိုရာဝယ် အပိုင်း (၂)

ပြည့်သခင်

၄၁ သဘာဝပတ်ဝန်းကျင်အပေါ် သည်းခံနိုင်မှု၊ သည်းခံ
တတ်မှု၊ ခန္တီစ သုတေသနအပိုင်း (၁)

**B.Ed** မှိုင်းညို (မာန်အောင်)

၄၃ မယားကောင်း မယားမြတ် သုဇာတာ

ဇာတ်လမ်း - တက္ကသိုလ်သျှင်သီရိ (ဓမ္မာစရိယ - ဘီအေ)

ပန်းချီ - တင်ထွန်းထွန်း

၅၁ ရင်နှစ်သည်းခြာ အလိမ္မာကဏ္ဍာ ဖူးပွင့်ဝေ

၅၄ လာဘ်ရှင်နည်း လေးကေ - အရှင်နန္ဒမာလာ

၅၇ မယားမြတ်စန္ဒကိန္နရီ

နိုင်ကြည်မြင့် (သာသနဓဇ ဓမ္မာစရိယ)

၆၀ မြန်မာနိုင်ငံရှိရာ ပါဠိစာပေသင်ကြားရေး

ဦးအောင်သိန်းညွန့်

Traditional Pali Studies in Myanmar

**Trans: by U Aung Thein Nyunt**

၆၃ ပြည်တွင်းသာသနာရေးသတင်းမှတ်တမ်း လမင်း





**သာထွန်းပြန့် ဓမ္မစာစောင်**
**ရုံးအဖွဲ့**

ဒေါ်စိုးမိုးသူ (ဦးစီးအရာရှိ)

ဒေါ်ဝင်းမာ (ဦးစီးမှူး)

ဒေါ်ဝင်းကြည်

ဇေယျာလှိုင်မင်း (သထပ - ကွန်ပျူတာ)

**ပုံနှိပ်သူ**

ဦးသန့်စင်ထွန်း (မြဲ - ၀၁၁၀၄)

ရွှေပြည့်စုံ ပုံနှိပ်တိုက်

အမှတ် (၃၄)၊ ၁၅၇ လမ်း၊ တာမွေ။



# မဟာဗောဓိမြိုင်

# ဆရာတော်ကြီး

# ၏

# ဩဝါဒကထာ

- အတိတ်၏ စင်ကြယ်စိတ်ထားရာအရိပ်နှင့် လက်ရှိစင်ကြယ်စိတ် ထိပ်တိုက်ရှိနေစဉ်...၊
- အတိတ်၏စေတနာသန့်သန့် ကိန်းရာအရိပ်နှင့် လက်ရှိစေတနာသန့်သန့် ကိန်းစက်ရာ ထိပ်တိုက်မိနေစဉ်...၊
- တောင်ကျရေသည် တမင်တူးမြောင်းဖော်ပေးစရာမလို။ ကျရေ၏ ရွေ့သွားလမ်းတွေ့သည်နှင့် တစ်ခဏလိုမ့်ဆင်းသည့်ပမာ၊ အတိတ်ကံများသည်လည်း ကံကောင်းထောက်မရန် ယတြာချေခြင်း စသည့်အခြားနည်းလမ်းများနှင့် တမင်မျှော်စောင့်နေစရာမလို။
- ထိုစောင့်မျှော်နေခြင်း၌ပင် ရလိုမှုတဏှာရမ္မက် တန်းလန်းထွက်နေရကား တက်မည့်ကံပင် ပြန်လည်နှစ်စေနိုင်သည်။

# ကဆုန်လ

မြန်မာ့ ၁၂ လရာသီတွင် ကဆုန်လသည် နှစ်လမြောက်လဖြစ်သည်။ ကဆုန်လသည် ဝိသာခါဆန်း နက္ခတ်ယှဉ်၍ ရာသီပန်းမှာ စကားဝါပန်းဖြစ်ပါသည်။ မြန်မာ့လတကာတွင် ကဆုန်လသည် အမြတ်ဆုံး ဖြစ်သည်။ ကဆုန်လပြည့် နေ့၏ ထူးခြားချက်မှာ (ဗျာဒိတ်၊ ဖွားမြင်၊ ဗောဓိပင်၊ စံဝင်နိဗ္ဗာန်နန်း)ဆိုသည်နှင့်အညီဆုံး လောကထွတ်ထား သဗ္ဗညုတမြတ်စွာ ဘုရားနှင့် စပ်၍-

- ဗျာဒိတ်ခံယူသော နေ့ဖြစ်ခြင်း၊
- ဖွားမြင်သောနေ့ဖြစ်ခြင်း၊
- ဘုရားဖြစ်တော်မူသောနေ့ဖြစ်ခြင်း၊
- ပရိတ်နိဗ္ဗာန်စံတော်မူသောနေ့ဖြစ်ခြင်း၊

ဤထူးခြားချက်(၄)မျိုးနှင့် တိုက်ဆိုင်နေသောကြောင့် ဤနေ့ကို ကဆုန်လပြည့် ဗုဒ္ဓနေ့ဟု ခေါ်ဆိုကြပါသည်။

ကဆုန်လပြည့်နေ့တွင် မာရ်နတ်ရန်ကိုအောင်မြင်တော်မူသောကြောင့် ကဆုန်လပြည့် မာရ်အောင်နေ့အဖြစ် ဗုဒ္ဓဘာသာဝင်တို့၏ စိတ်အစဉ်တွင် စွဲမြဲနေကြပါသည်။

ဝိသာခါနက္ခတ်နှင့်ယှဉ်၍ ဖွားမြင်တော်မူခြင်း၊ ပရိနိဗ္ဗာန်စံတော်မူခြင်းများကို အကြောင်းပြု၍ ကဆုန်လပြည့်နေ့ကို ဝိဆစ်ဒေးဟု ခေါ်ဆိုကြပါသည်။ ဝိသာခါဒေးဟု ဆိုပါသည်။

ဗုဒ္ဓဘာသာဝင်တို့သည် ဘုရားဖြစ်သောနေ့ထူးနေ့မြတ်ကိုအာရုံပြု၍ ကဆုန်လပြည့် နေ့တွင် ပရိဘောဂစေတီထိုက်သော ဗောဓိပင်ကို ရေသွန်းလောင်းလေ့ရှိပါသည်။

ဗောဓိပင်သည် သဗ္ဗညုတဉာဏ်တော်ကိုရ၍ ဘုရားဖြစ်တော်မူရာဌာနဖြစ်ခြင်း၊ ဖွားဖက်တော်(၇)ပါးတွင် စာရင်းဝင်ဖြစ်သောကြောင့် ထူခြားသော သစ်ပင်တစ်မျိုးဖြစ်ပါ သည်။

ဤကဲ့သို့ မြတ်စွာဘုရားနှင့်တိုက်ရိုက်ဆက်စပ်၍ ဗောဓိပင်၌ ရေသွန်းလောင်းခြင်း

အစဉ်အလာကို ခေတ်အဆက်ဆက်ပြုလုပ်လာခဲ့ကြပါသည်။

မြန်မာ့ရိုးရာ ၁၂ ရာသီ ပွဲတော်များအနက် ကဆုန်လတွင် ညောင်ရေသွန်းပွဲတော်ကို ရိုးရာပွဲတော်အဖြစ် အစဉ်အလာသတ်မှတ်ခဲ့ကြပါသည်။

အသန ဗောဓိယမထေရ်အလောင်းသည် တိဿဘုရားရှင်၏ ဗောဓိပင်ကို စိုက်ပျိုး ပူဇော်ရသော ကုသိုလ်ကြောင့် နတ်ပြည်၌ ဖြစ်ရခြင်း၊ စကြာဝတေးမင်းဖြစ်ရခြင်း၊ အပါယ် လေးပါးမှ လွတ်ကင်းရခြင်းအကျိုးများကို ခံစားရကြောင်း ထေရာပဒါန်ကျမ်း၌ ဟောကြား ထားပါသည်။

ဂန္ဓောဒကတိဿမထေရ်အလောင်းသည် ပဒုမုတ္တရာဘုရားရှင်၏ ဗောဓိပင်ကိုနံ့သာ ရေဖြင့်သွန်းလောင်းသော ကုသိုလ်ကြောင့် နတ်ပြည်၌ ဖြစ်ရခြင်း၊ အနာရောဂါမရှိခြင်း၊ သောကကင်းဝေးခြင်းစသော အကျိုးများခံစားရပါသည်။

ညောင်ရေသွန်းပွဲတော်ကို

၁။ ပွင့်ရာဗောဓိပင်အားရည်မှန်းခြင်း၊

၂။ ရေပြတ်ချိန်တွင် မညှိုးနွမ်းစေလိုခြင်း ဤရည်ရွယ်(၂)မျိုးဖြင့် ကျင်းပရခြင်းဖြစ်ပါသည်။

ညောင်ရေသွန်းပွဲတော်ဖြစ်ပေါ်လာရခြင်းမှာ မြတ်စွာဘုရားရှင်လက်ထက်တော်ကပင် ရှိခဲ့ကြောင်း ဇာတ်နိပါတ်တော်ကို ထောက်၍ သိနိုင်ပါသည်။ မြတ်စွာဘုရားက-

၁။ သာရီရိကစေတီ၊ ၂။ ပရိဘောဂစေတီ၊ ၃။ ဥဒ္ဒိဿကစေတီ စေတီ(၃)မျိုးရှိပုံ အကြောင်းကို မိန့်ကြားပြီး ဗောဓိပင်ကို ပရိဘောဂစေတီထိုက်၍ ပူဇော်ခွင့်ပြုထားကြောင်း သိရပါသည်။

သစ္စာလေးပါးတရားတို့ကို သိမြင်ရာ ဌာနဖြစ်သောကြောင့် ပွင့်တော်မူရာသစ်ပင်ကို ဗောဓိပင်ဟု ခေါ်ပါသည်။ ကံကော်ပင်မှာ ဘုရားပွင့်လျှင် ကံကော်ဟာ ဗောဓိပင်ဖြစ်ပါသည်။ ညောင်ပင်မှာ ဘုရားပွင့်လျှင် ညောင်ပင်သည် ဗောဓိပင်ဖြစ်ပါကြောင်း သည်တစ်ပတ်မျက်နှာဖုံး ပုံရိပ်အဖြစ် တင်ပြပါသည်။

# စည်းလုံးညီညာအောင်ကြောင်းဖြာ- အချင်းချင်းညီညွတ်ကြပါ

ယနေ့မြန်မာနိုင်ငံတွင် ဒီမိုကရေစီဆိုသောစံနစ်မှာ (ရှေးမဟာသမ္မတမင်းအုပ်ချုပ်မှုစံနစ်) ဟူသော စံနစ်သစ်အစိုးရနှင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အသစ်အစား ထိုးသော အဖွဲ့အစည်းအသစ်တို့သည် နိုင်ငံ၏အမျိုးဘာသာ ဦးသျှောင်အဖွဲ့အဖြစ် ပေါ်ထွက်လာခဲ့ပြီ ဖြစ်ပါသည်။

အမျိုးဘာသာ သာသနာနှင့် ပြည်ရွာအကျိုးသည်ပိုး ဆောင်ရွက်ကြမည့် ဤအဖွဲ့အစည်းများ၏ အဓိကအားသည် လုပ်ရည်၊ ကိုင်ရည်၊ ပညာရည်အားထက် အဓိကကျ အရေးပါသည်ကား စည်းလုံးညီညွတ်ရေးအား ရရှိကြရန်လိုအပ်လှပါသည်။

လောက၌ လူသားအချင်းချင်းဖြစ်စေ ရှင်ရဟန်းအချင်းချင်းဖြစ်စေ ညီညွတ်စွာနေထိုင်နိုင်ရေးသည် အဓိကဖြစ်သည်။ ညီညွတ်မှုရှိမှ ကြီးပွားတိုးတက်ပြီး ငြိမ်းချမ်းသော အရသာကို ခံစားကြရမည်ဖြစ်ပါသည်။

တစ်ဦးနှင့်တစ်ဦး တစ်ဖွဲ့နှင့်တစ်ဖွဲ့ ညီညွတ်စွာနေထိုင်ခြင်း တစ်ဦးကိုတစ်ဦး ကူညီစောင့်ရှောက်မှုရှိခြင်းသည် ကျရောက်လာသော ဘေးအန္တရာယ်အသွယ်သွယ်ကို ကာကွယ်နိုင်ပါသည်။

လူဟူသည် တစ်ဦးတစ်ယောက်တည်းနေ၍မရ ပတ်ဝန်းကျင်အသိုင်းအဝိုင်းနှင့်နေသော သတ္တဝါမျိုးဖြစ်သည်။ ပတ်ဝန်းကျင်အသိုင်းအဝိုင်းနှင့်နေသော သတ္တဝါများသည် မိမိတို့နေထိုင်ရာ ပတ်ဝန်းကျင်နှင့်လိုက်လျောညီထွေနေတတ်ရန် အရေးကြီးလှပါသည်။ ထိုသို့နေထိုင်တတ်မှ ကြီးပွားတိုးတက်နိုင်ပါသည်။ ချမ်းသာသုခကို ရရှိနိုင်ပါသည်။

ကြီးပွားတိုးတက်ပြီး ချမ်းသာသုခရရှိနိုင်ရန် မိမိနှင့်ဆက်နွယ်နေသော ပတ်ဝန်းကျင်နှင့် မျှပညီညွတ်အောင် ဆောင်ရွက်တတ်ဖို့လိုပါသည်။ ထိုသို့ဆောင်ရွက်ရာ၌လည်း မိမိပတ်ဝန်းကျင်ရှိ တစ်အိမ်တည်းနေ မိသားစု ညီအစ်ကိုမောင်နှမများ၊ ဆွေမျိုးသားချင်းများ အိမ်နီးနားချင်းများ၊ လုပ်ဖော်ကိုင်ဖက်မိတ်ဆွေအပေါင်းအသင်းများ နိုင်ငံနှင့်ဆိုလျှင် အိမ်နီးနားချင်းဆက်စပ်နေသော နယ်စပ်နိုင်ငံများတို့သည် ရှောင်လွှဲမရသော အသိုင်းအဝန်းများ ဖြစ်ကြပါသည်။ ထိုအသိုင်းအဝိုင်းနှင့်ညီညွတ်မျှတမှုရှိအောင် ဆောင်ရွက်သင့်ပါသည်။ သို့မှသာ ရပ်ကွက်၊ မြို့ရွာနှင့် တိုင်းနိုင်ငံ ညီညွတ်ရေးအထိ ရရှိနိုင်မည် ဖြစ်ပါသည်။

မြန်မာနိုင်ငံရှိ ဘာသာရေးအဖွဲ့ အသင်းများ နိုင်ငံတော်အစိုးရ အာဏာပိုင်မင်းများသည် မိမိနိုင်ငံအတွင်းရှိ ဘာသာရေးအဖွဲ့များ၊ တိုင်းသူပြည်သားများ တစ်ဖွဲ့နှင့်တစ်ဖွဲ့၊ တစ်ဦးနှင့်တစ်ဦး ညီညွတ်မှု ချစ်ခင်ရင်းနှီးမှု ယုံကြည်စိတ်ချမှုရှိအောင် လုပ်ဆောင်ရပါမည်။

သို့မှသာ တိုင်းတစ်ပါးမှ ပြောကြားလာသော သွေးခွဲစကားများကို ရင်းနှီးချစ်ခင်မှု

ညီညွတ်မှု ယုံကြည်စိတ်ချမှု စသော စိတ်တို့ဖြင့် ကာကွယ်ပြီး ဖွံ့ဖြိုးတိုးတက်၍ ညီညွတ်သော တိုင်းနိုင်ငံကြီးတည်ဆောက်နိုင်ရုံမက နိုင်ငံတော်ငြိမ်းချမ်းရေး ကမ္ဘာငြိမ်ချမ်းရေးအထိ တည်ဆောက်နိုင်ပါမည်။

- ဗုဒ္ဓက မညီညွတ်ကွဲပြားကြောင်း တရား(၁၀)ပါး ဟောထားပါသည်၊ ယနေ့နိုင်ငံ ခေါင်းဆောင်တို့ အလေးအနက်ထား လိုက်နာဆောင်ရွက်ရမည့် တရားဖြစ်ပါသည်။

- အဓိကရဏ်းကိုပြုတတ်ခြင်း အဓိကရဏ်းငြိမ်းခြင်း၏ကျေးဇူးကို မဆိုတတ်ခြင်း၊

- ဂုဏ်သိက္ခာလိုလားသူမဟုတ်ခြင်း၊ ဂုဏ်သိက္ခာလိုလားခြင်း၏ ကျေးဇူးကို မဆိုတတ်ခြင်း၊

- အလိုဆိုးရှိခြင်း၊ အလိုဆိုးပယ်ဖျောက်ခြင်း၏ ကျေးဇူးကို မဆိုတတ်ခြင်း၊

- အမျက်ထွက်တတ်ခြင်း၊ အချက်ထွက်ပယ်ပျောက်ခြင်း၏ ကျေးဇူးကို မဆိုတတ်ခြင်း၊

- သူ့ကျေးဇူးကို ချေဖျက်ခြင်း၊ သူ့ကျေးဇူးပယ်ဖျက်ခြင်း၏ ကျေးဇူးကို မဆိုတတ်ခြင်း၊

- စဉ်းလဲခြင်း- စဉ်းလဲခြင်းကို ပယ်ဖျောက်ခြင်း၏ ကျေးဇူးကို မဆိုတတ်ခြင်း၊

- လှည့်စားခြင်း- လှည့်စားခြင်းကို ပယ်ဖျောက်ခြင်း၏ ကျေးဇူးကို မဆိုတတ်ခြင်း၊

- တရားကိုဆောင်ထားသူမဟုတ်ခြင်း၊ တရားဆောင်ထားခြင်း၏ကျေးဇူးကို မဆိုတတ်ခြင်း၊

- တစ်ယောက်တည်းကိန်းအောင်းသူမဟုတ်ခြင်း-တစ်ယောက်တည်းကိန်းအောင်းခြင်း၏ ကျေးဇူးကို မဆိုတတ်ခြင်း၊

- ပဋိသန္ထာရပြုသူမဟုတ်ခြင်း၊ ပဋိသန္ထာရကျေးဇူးပြုမှုကို မဆိုတတ်ခြင်း ဤ(၁၀)ပါး သည် ငြင်းခုံခိုက်ရန်မှု ပြုတတ်၍ မညီညွတ်ကွဲပြားသော တရားတို့ဖြစ်ပါသည်။ ထို့ပြင် အဆူဆူသောဘုရားရှင်တို့က-

"သူတစ်လူ ငါတမင်း အချင်းချင်းငြင်းခုံခိုက်ရန်ဖြစ်ခြင်းကို ကြောက်ဖွယ်ကောင်းလှသော ဘေးကြီးအဖြစ် ရှုမြင်၍လည်းကောင်း အချင်းချင်းငြင်းခုံ ခိုက်ရန်မဖြစ်ဘဲ ညီညွတ်ခြင်းသည် ဘေးရန်ကင်းကွာ အေးချမ်းသာယာလှပေ၏" ဟူ၍လည်းကောင်း ဤလောက၌ ရန်တုံ့မှု အဖြစ် ရန်တို့သည် တစ်ရံတစ်ခါမျှ မငြိမ်းဝေးကုန်၊ ရန်တုံ့မမူသဖြင့်သာ ရန်တို့သည် အေးငြိမ်း ကုန်၏ ဟူ၍လည်းကောင်း ဟောကြားထားပါသည်။

ထို့ကြောင့် နိုင်ငံနှင့် လူမျိုး သာသနာကြီးပွားတိုးတက်မှု ငြိမ်းအေးချမ်းသာမှုတို့ကို အလိုရှိကြသော ဘာသာရေးခေါင်းဆောင် နိုင်ငံရေးခေါင်းဆောင်တို့သည် အချင်းချင်းညီညွတ်မှု သွေးမကွဲမှုတို့ကို အလေးအနက်ထားပြီး စည်းလုံးညီညာအောင်ကြောင်းဖြာထုံးကို ဗုဒ္ဓတရားတော်နှင့်အညီ ကျင့်သုံးကြပါဟု တိုက်တွန်းနှိုးဆော်အပ်ပါသည်။

# ၁၃၇၇-ခု၊ ပြာသိုလပြည့်ကျော်(၈)ရက်၊ ၂၀၁၆-ခုနှစ်၊ ဖေဖော်ဝါရီလ(၁)ရက်နေ့ တွင် ကျင်းပသော နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) အဘိဓမ္မ ပိဋကမဟာဌာနမှ ကျင်းပသော ဒုတိယအကြိမ်စာတမ်းဖတ်ပွဲတွင် ပါမောက္ခချုပ် ဆရာတော်ဘဒ္ဒန္တ ကုမာရ အဂ္ဂမဟာပဏ္ဍိတ၏ ဩဝါဒကထာ

ဒီနေ့ ၁၃၇၇-ခု၊ ပြာသိုလပြည့်ကျော် (၈)ရက်၊ ၂၀၁၆-ခုနှစ်၊ ဖေဖော်ဝါရီလ (၁)ရက်၊ တနင်္လာနေ့၊ မင်္ဂလာရှိသော နံနက်ခင်းအချိန်မှာ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်)၊ အဘိဓမ္မပိဋက မဟာဌာနက ကျင်းပတဲ့ ဒုတိယအကြိမ်စာတမ်းဖတ်ပွဲသို့ တက်ရောက်ချီးမြှင့်တော်မူကြသည့် ဒုတိယပါမောက္ခချုပ် ဆရာတော် ဘုရားအမှူးရှိသော သင်ကြားရေးနှင့်စီမံခန့်ခွဲရေးဆရာတော်များ၊ ပညာရှင်များ၊ စာတမ်းရှင်များ၊ သင်တန်းသားများ၊ တာဝန်ရှိပုဂ္ဂိုလ်များကို ဝမ်းမြောက်ဝမ်းသာ ကြိုဆိုဂုဏ်ပြုပါကြောင်း ရှေးဦးစွာ ပြောကြားပါတယ်။

စာတမ်းများက မူလရည်မှန်းထားတာထက် များပြားလာလို့ အချိန်ကို သတ်မှတ်ပြီး ဆောင်ရွက်ရတဲ့ အတွက် မူလတပည့်တော်၏ ပြောကြားမည့်အစီအစဉ်ကို ပြောင်းလဲပြီး အဖွင့်သမ္မောဒနီယ၊ သာရဏီယကထာကို ပြောကြားပါမည်ဘုရား။

စာတမ်းဖတ်ပွဲသည် ဌာနအတွင်း စာတမ်းဖတ်ပွဲ၊ တက္ကသိုလ်တစ်ခုလုံးပါဝင်သော စာတမ်းဖတ်ပွဲ၊ တက္ကသိုလ်နှစ်ခုပူးပေါင်း၍ စာတမ်းဖတ်ပွဲ၊ ပညာရှင်များကို ဖိတ်ကြား၍ ဟောပြောပွဲ၊ သင်တန်းသားများ၏ ဟောပြောပွဲများကို ပြုလုပ်ခြင်းသည် တက္ကသိုလ်များ၏ တက်ကြွလှုပ်ရှားသည့်၊ အသက်ဝင်သည့် အစဉ်အလာ တစ်ခုဖြစ်ပါသည်ဘုရား။

တက္ကသီလ-ဆိုသည့် ဝေါဟာရနှင့်အညီ မိမိတို့ဌာနဆိုင်ရာလုပ်ငန်းများကို သမရိုးကျဆောင်ရွက်ချက် များဖြင့်သာ ကျေနပ်နစ်မြုပ်မနေကြဘဲ အမြဲတမ်းစိစစ်၊ ဝေဖန်၊ သုံးသပ်နိုင်အောင် ကျယ်ကျယ်ပြန့်ပြန့်ဖြစ်အောင် အခြားစာပေများ၊ ဝိရောဓိစာပေများကို ဖတ်ရှုလေ့လာပြီး ဝေဖန်၊ စိစစ်၊ သုံးသပ်နေကြရမှာ ဖြစ်ပါတယ်။

ဒါမှလဲ ဖြစ်ပေါ်လာတဲ့ ဘာသာရေးပြဿနာများကို ခေတ်လူများလက်ခံနိုင်အောင်၊ ကျေနပ်မှုရအောင် ဖြေရှင်းပေးနိုင်မှာဖြစ်ပါတယ်ဘုရား။ တပည့်တော်များ တက္ကသိုလ်ပညာရေးစနစ်မှာပါလာတဲ့ "ခေတ်လေ့လာ နည်းနှင့် သုတေသနပြုနည်း" ကို အထောက်အကူပြု အကောင်အထည်ဖေါ်ဆောင်နိုင်မှာဖြစ်ပါတယ်။ သို့မဟုတ် ခေတ်လေ့လာနည်းမဟုတ်ဘဲ အဓိပ္ပါယတ္ထမှာပဲ ဝင်ရောက်နေမှာဖြစ်ပါတယ်။ ဘာသာရပ်ဆိုင်ရာကို အမြဲတမ်း ဝေဖန်သုံးသပ် စိစစ်နေခြင်းသည် ဓမ္မပါရဂူဘွဲ့အတွက် ပီပီပြင်ပြင် ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်ဘုရား။

ဝေဖန်၊ စိစစ်၊ သုံးသပ်ချက်များသည် ဗရမ်းဗတာမဖြစ်သင့်ပါ။ ပါဠိတော်များပါတဲ့ မူများနှင့်အညီ…

သာတ္ထ = အနက်အဓိပ္ပါယ် အနှစ်သာရရှိပြီး လောကသဘာဝနှင့် မဆန့်ကျင့်ဘဲ မှန်ကန်တဲ့မှတ်သား ဖွယ်လိုက်နာပြုကျင့်ဖွယ်၊ ရှောင်ကြဥ်ဖွယ်အချက်များ။

သဗျဥ္ဇန = တခြားပုဂ္ဂိုလ်များကို တိုက်ခိုက်ထိပါးခြင်း၊ အာဃာတဖြစ်စရာများကို ရှောင်ရှားခြင်း၊ သဘာဝဓမ္မကို မဆန့်ကျင်ခြင်း၊ စာပေစည်းကမ်းများကို အလေးဂရုပြုခြင်း၊ အထောက်အထားခိုင်လုံခြင်း၊ ပညာရှင်များ၏ လက်ခံနိုင်ခြင်း။

ကေဝလပရိပုဏ္ဏ = လိုအပ်ချက်များ ပြည့်စုံခြင်း၊ ဖြည့်စွက်ရန်မလိုခြင်း။

ပရိသုဒ္ဓ = အပြစ်တင်စရာမရှိ နှုတ်ပယ်စရာမလိုမလိုအောင် စင်ကြယ်ခြင်း ဖြစ်ရမှာဖြစ်ပါတယ်။

ထေရဝါဒပိဋကတ်မူဘောင်နှင့် ဆန့်ကျင်သော ထေရဝါဒပိဋကတ်ကို တိုက်ခိုက်ပစ်ပယ်သော အတွေး အခေါ်၊ ဝေဖန်၊ စိစစ်၊ သုံးသပ်ချက်မဖြစ်ရပါ။ ဤကဲ့သို့သော စည်းကမ်းကျကျ၊ မူဘောင်အတွင်းမှာ ရပ်တည် ရပ်တည်ရမှာ ဖြစ်ပါတယ်။

မူဘောင်မရှိ၊ စည်းကမ်းမရှိတဲ့ ဝေဖန်စိစစ်သုံးသပ်ချက်များသည် အဆင့်မမီခြင်းကြောင့် သတိပြု ရှောင်ရှားကြရမှာ ဖြစ်ပါတယ်။

အဲ့ဒါကြောင့် တက္ကသိုလ်၏ ဂုဏ်သိက္ခာ၊ သာသနာတော်၏ ဂုဏ်ရည်တို့ကို တိုးတက်စေနိုင်တဲ့ စနစ်များ၊ စာတမ်းများ၊ မှတ်တမ်းများကို နောက်ပုဂ္ဂိုလ်များကို

လက်ဆင့်ကမ်းနိုင်အောင် ဆောင်ရွက်တော်မူကြပါဟု တိုက်တွန်းရင်း တပည့်တော်၏ သာရဏီယကထာကို နိဂုံးချုပ်အပ်ပါသည် အရှင်ကောင်း အရှင်မြတ်တို့ဘုရား။

၁၃၇၇-ခု၊ ပြာသိုလပြည့်ကျော် (၈)ရက်၊ ၂၀၁၆-ခု၊ ဖေဖော်ဝါရီလ (၁)ရက်၊ တနင်္လာနေ့၊ နံနက် (၇း၃၀) နာရီကစတင်ပြီး နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)၊ အဘိဓမ္မပိဋကမဟာဌာန၊ ဌာနမှူး၊ ပါမောက္ခဆရာတော် ဒေါက်တာအရှင်ထေရိန္ဒ ဦးဆောင်၍ မဟာဘွဲ့နှင်းခန်းမကြီးအတွင်းမှာ အဘိဓမ္မာမဟာဌာန စာတမ်းဖတ်ပွဲကြီး အောင်မြင်စွာ ပြီးစီးခဲ့ပါပြီ။ ဌာနမှူး၊ ပါမောက္ခဆရာတော်နဲ့ စာတမ်းရှင်များ၊ တက်ရောက် နာယူသည့် ပုဂ္ဂိုလ်များ၊ အခမ်းအနားပြင်ဆင်ပေးသည့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ကျေးဇူးတင်ထိုက်သူအားလုံးကို အထူးကျေးဇူးတင်ဝမ်းမြောက်ပါကြောင်း ရှေးဦးစွာ ပြောကြားပါတယ်။

စာတမ်းရှင်များအနေနဲ့ မိမိ၏အရည်အသွေးများကို ဖော်ထုတ်ခွင့် ရကြပါပြီ။ သုတေသီများအနေနဲ့ ဆွေးနွေးလိုသော အချက်များကို ဆွေးနွေးခွင့် ရကြပါပြီ။ ပိဋကတ်တော်လာ "သောတာ၊ ဓာတာ၊ ဝစသာ ပရိစိတာ၊ မနသာနုပေက္ခိတာ၊ ပညာယသုပ္ပဋိဝိဒ္ဓါ" ဟူသော ပညာသင်ကြားနည်းငါးမျိုးတို့တွင်.....

၁။ သောတ = နာယူ(နားထောင်)မှု

၂။ ဓာတာ = နှလုံးသားဖြင့် မှတ်သားထားမှု

၃။ ထိုမှတ်သားထာမှုများကို - ဝစသာပရိစိတာ = နှုတ်ဖြင့် အခေါက်ခေါက် အခါခါ ရွတ်ဖတ် စုစောင်းမှုတို့ကို နေရာတကာ မြန်မာနိုင်ငံအနှံ့မှာ အသုံးပြုနိုင်ကြပါသည်ဘုရား။

၄။ မနသာနုပေက္ခိတာ = သင်ကြား၊ နာယူ၊ မှတ်သား၊ ရွတ်ဖတ်ထားသော ဓမ္မတို့ကို စိတ်ဖြင့်အဖန်ဖန်အထပ်ထပ် စိစစ်၊ ဝေဖန်၊ သုံးသပ်မှုဖတ်က အားနည်းကြတာများပါသည်။

ဒီ- မနသာပေက္ခိတာ = သင်ကြားနည်းသည် ဓမ္မာစရိယသင်နည်း၌ ကျမ်းတတ်များကို

ဖတ်ရှုရုံမျှဖြင့် ကျေနပ်မနေကြဘဲ- ကိုယ်ပိုင်ဉာဏ်ဖြင့်၊ ကိုယ့်နည်းကိုယ့်ဟန်ဖြင့် စနစ်တကျဆောင်ရွက်တတ်ဖို့ အရေးကြီးပါတယ်။ များသောအားဖြင့် နည်းစနစ်ပိုင်းကို တတ်မြောက်ဖို့ အလွန်အရေးကြီးပါတယ်။

- အဖြေမြင် အတင်ထုတ်မြဲ မလွဲတံထွာဓမ္မာ၊
- အဖြေရှုကာ မေးပုစ္ဆာ လျော်စွာတင်ထုတ်ကြ၊
- အဖြေရှောင်ကွင်း၊ လျော်ရာသွင်း၊ တင်ခြင်းအာဘောဂ။

ဒီနည်းစနစ်များကို လက်တွေ့ကိုယ်တိုင်ဆောင်ရွက်တတ်ဖို့ အရေးကြီးပါတယ်။ မနသာနုပေက္ခိတာ- ပညာသင်ယူနည်းစနစ်ကို တတ်မြောက်ပါမှ၊

- တစ်နည်း- အတက်၊ အထွက်နည်း ကျွမ်းကျင်လျှင် ပြဿနာဖြေရှင်းနည်းကို ပိုင်ပိုင်နိုင်နိုင် ဆောင်ရွက် နိုင်ပါပြီ။
- အထောက်အထား ခိုင်ခိုင်မာမာ ပြနိုင်လျှင် ပြဿနာဖြေရှင်းချက်ပြီးပါပြီ။

၅။ ပညာယ-သုပ္ပဋိဝိဒ္ဓါက - အရိယာအဆင့်ရောက်ပါပြီ။ အရိယာမဖြစ်ခင်မှာ မိမိဖတ်ရှုပို့ချ နေတဲ့ အကြောင်းအရာကို ဘာကိုဆိုလိုတယ်ဆိုတဲ့အချက်ကို ပိုင်ပိုင်နိုင်နိုင်သိတာလဲ ပညာယသုပ္ပဋိဝိဒ္ဓါ ဖြစ်နိုင်ပါတယ်။ သာသနာ့တက္ကသိုလ်သင်ကြားနည်းက 'မနသာနုပေက္ခိတာ၊ ပညာယသုပ္ပဋိဝိဒ္ဓါ' သင်နည်းများဖြစ်ပါတယ်။ အဲ့ဒီအဆင့်မရောက်လျှင်တော့ တက္ကသိုလ် သင်နည်းအစစ်မဖြစ်ပါ။ စာတမ်းဖတ်ပွဲများသည် ထိုအဆင့်ကို ပီပြင်အောင် ဖေါ်ဆောင်နိုင်ရ ပါလိမ့်မည်။

ပြီးခဲ့တဲ့ ၁၃၇၇-ခုနှစ်၊ တော်သလင်းလပြည့်ကျော် (၈)ရက်၊ ၂၀၁၅-ခုနှစ်၊ ဒီဇင်ဘာလ (၆)ရက်၊ အင်္ဂါနေ့၊ နေ့ပိုင်း၊ သမဝါယမတန်ဆောင်း အစည်းအဝေးခန်းမမှာ ပိဋကတ်ဆိုင်ရာ ပါဠိစာပေဌာန၏ 'ပါဠိသမ္ဘာသနသဘာ' ကို အောင်မြင်စွာ ပြုလုပ်ဆောင်ရွက်ခဲ့ပါတယ်။

ဒီနေ့ ၁၃၇၇-ခု၊ ပြာသိုလပြည့်ကျော် (၈)ရက်၊ ၂၀၁၆-ခု၊ ဖေဖေါ်ဝါရီလ(၁)ရက်၊ တနင်္လာနေ့မှာ အဘိဓမ္မပိဋကမဟာဌာန၏ အဘိဓမ္မာပိဋက စာတမ်းဖတ်ပွဲ အောင်မြင်စွာ

ဆောင်ရွက်နိုင်ခဲ့ပါပြီ။

ကျန်ဌာနများလဲ ဌာနမှူး၊ ပါမောက္ခဆရာတော်များ ဦးဆောင်ပြီး ဌာနတွင်းစာတမ်းဖတ်ပွဲ၊ တက္ကသိုလ် စာတမ်းဖတ်ပွဲများ အနည်းဆုံးတစ်နှစ်လျှင် တစ်ကြိမ်စီဖြစ်အောင် ကြိုးစားဆောင်ရွက်ပေးတော်မူကြပါလို့ တက္ကသိုလ်၏ကိုယ်စား တိုက်တွန်းလျှောက်ထားပါသည်ဘုရား။ တစ်နည်းအားဖြင့် အသက်ဝင်သော တက္ကသိုလ်ကြီးဖြစ်အောင် ဆောင်ရွက်ပေးတော်မူကြပါ။ အုပ်ချုပ်ရေးဗဟိုအဖွဲ့အစီအစဉ်ဖြင့် တက္ကသိုလ်နှစ်ခု အဆင့်ရောက်သည့်အခါ ပီပီပြင်ပြင်အဆင့်မီမီဖြစ်အောင် ကြိုတင်ပြင်ဆင်ချိန်ရောက်ပါပြီ။

ရိုးရိုးစာသင်တာလောက်ကတော့ ပြင်ပစာသင်တိုက်များမှာ ရှိပါတယ်။ တက္ကသိုလ်ပညာသင်ကြားနည်းဖြစ်အောင် လုပ်ဖို့က ပိုပြီးကြိုးစားရမှာပါ။ တက္ကသိုလ်တွေများစွာပေါ်ပေါက်လာနေတဲ့အတွက် သက်တမ်းရင့်တဲ့ တက္ကသိုလ်က တက္ကသိုလ်ပုံစံမကျလျှင် သမိုင်းတရားခံတွေဖြစ်နေပါလိမ့်မယ်။ ဒါကြောင့် သမိုင်းတရားခံဘဝက လွတ်မြောက်အောင် သင်ကြားနည်းစနစ်များ မြှင့်တင်ဆောင်ရွက်တော်မူကြပါလို့ လေးလေးနက်နက် တိုက်တွန်းလျှောက်ထားပါတယ်။ စာသင်ပေးရုံနဲ့ကျေနပ်မနေဘဲ စနစ်တွေကို တတ်အောင်သင်ပေးတဲ့အဆင့်ထိရောက်ဖို့ အရေးတကြီးလိုအပ်နေပါပြီ။

အဲဒါကြောင့် ဌာနတွင်းစာတမ်းဖတ်ပွဲမှသည် တက္ကသိုလ်အဆင့် စာတမ်းဖတ်ပွဲ၊ ဝေဖန်စိစစ်၊ သုံးသပ်နည်းစနစ်များဖြင့် အဆင့်မြှင့်တင်တော်မူကြပါလို့ တိုက်တွန်းရင်း တပည့်တော်၏သမ္မောဒနီယက ဥယျောဇနကထာကို နိဂုံးချုပ်လိုက်ပါတယ်။



# ဝစီကံကြွေး




ဝစီဗေဒ၊ ထိတိုင်းရှကို
သတိမထား၊ မောဟာအားနှင့်
စကားဆိုလွယ်၊ ဉာဏ်မနွယ်ဘဲ
မဖွယ်ဆိုဆဲ၊ နှုတ်ရင့်ရဲ။

ဝစီဘောင်လွတ်၊ တတွတ်တွတ်နှင့်
ချွတ်ယွင်းမမှန်၊ အာရင်းသန်လျက်
မာန်ထန်လျှာဖျား၊ နှုတ်စကား။

ဝစီကံကြွေး၊ အကျိုးပေးက
မအေးရင်မှ၊ နောင်တရလျက်
ဆန္ဒမငြိမ်၊ မီးနယ်ရှိန်တောက်
ဒုက္ခရောက်သော်၊ ရွှင်မပျော် ။ ။

လေလှိုင်း-ထန်းလိန်း



# မြင်းရိုင်း မြင်းယဉ် ပမာသွင်သို့

- မြင်းရိုင်းမြင်းကြမ်း၊ ဟော့သရမ်းကို ဖမ်း၍စီးလတ်၊ မြင်းဇက်သတ်ခက် လိုရပ်မောင်းနှင်၊ မရခင်၌ ချောက်တွင်ကျ၍၊ ရင်ဝငုတ်စူး သေရဖူးသို့။
- လောဘမြင်းကြမ်း၊ ဟော့သရမ်းကို ဖမ်း၍စီးကာ၊ လွန်သာယာ၍ ပါယ်ရွာချောက်ထဲ၊ တစ်ဖွဲဖွဲကျ ကာမငုတ်စူး၊ သေကြဖူးပြီ အထူးသတိရှိသင့်သည်။
- ဒါနသီလ၊ သမထနှင့် မြင့်လှဘာဝနာ၊ ရှုပွားပါမှ ကိလေသည်စ်၊ ရှင်းရှင်းလွတ်၍ စံနစ်ကျန၊ မြင်းယဉ်လှကို စီးရသည့်နယ်၊ လိုတနယ်သို့ လွယ်လင့်တကူရောက်လိမ့်မည်။

ကိုသိန်းဆွေ (ဆင်စွယ်)

# သံသရာထဲမှာ မင်းသူငါ




- အဝိဇ္ဇာ တဏှာ ညှို့စရိုက်ကြောင့်
  သည်ခန္ဓာလိုက်ရပေ။

- "လူ" "ခွေး" "နွား" ခေါင်းတွေပြောင်းလို့
  ခေါင်းအမျိုးမျိုး ထိုးဇာတ်ရှည်။

- သံသရာ ရှည်ချင်ရှည်
  ပျော်ကာနေ ပုထုဇဉ်မို့။

- အဝိဇ္ဇာ ဝိဇ္ဇာထင်လို့
  အမှားလျှင် အမှန်မြင်တော့
  သမ္မဇဉ် ဉာဏ်ယှဉ်နှီးပါလို့
  ပညာကို တစ်သက်တာကိုး
  နိုးကြားပါစို့။ ။

ဖျာပုံ-ဇော်တ

# မိလိန္ဒပဉှာ

## ပညာသည် အဘယ်လက္ခဏာရှိသနည်း

"အရှင်နာဂသေနဘုရား၊ ပညာသည် အဘယ်လက္ခဏာရှိပါသနည်း"

"မင်းမြတ်၊ မနသိကာရ ပြဿနာ၌ပင် 'ပညာသည် ပိုင်းဖြတ်ခြင်း လက္ခဏာရှိ၏'ဟု ဖြေဆိုခဲ့ပေပြီ။ ယခု တစ်ဖန် တစ်နည်းအားဖြင့် ဖြေရသော်ကား ပညာသည် ထွန်းလင်းတောက်ပခြင်း လက္ခဏာ ရှိ၏"

"အရှင်ဘုရား၊ ပညာသည် အဘယ်ကဲ့သို့ ထွန်းလင်းတောက်ပခြင်း လက္ခဏာ ရှိပါသနည်း"

"မင်းမြတ်၊ ပညာ ဖြစ်ပေါ်လာလတ်သော် အဝိဇ္ဇာ အမိုက်တိုက်ကို တိုက်ထုတ် ဖျက်ဆီး၏။ ဝိဇ္ဇာဉာဏ်အလင်းရောင် ထွန်းပြောင်လာ၏။ အရိယာ သစ္စာတို့ကို ထင်ထင်ရှားရှား သိမြင်လာ၏။ ထို့ကြောင့်ပင် ကမ္မဋ္ဌာန်းစီးဖြန်းသော ယောဂီ ပုဂ္ဂိုလ်သည် အနိစ္စ၊ ဒုက္ခ၊ အနတ္တ သဘောတို့ကို ဖြောင့်ဖြောင့်မှန်မှန် ဉာဏ်ဖြင့် ရှုမြင်နိုင်ပေ၏"

"အရှင်ဘုရား၊ ဥပမာ ပြတော်မူပါဦး"

"မင်းမြတ်၊ ယောကျ်ားတစ်ယောက်သည် မိုက်မှောင်သော အိမ်ထဲ၌ ဆီမီးညှိထွန်းလိုက်ရာ ဆီမီးသည် အမိုက်မှောင်ကို တိုက်ထုတ်၏။ အလင်းရောင်ကို တောက်ပြောင်စေ၏။ ထိုအလင်းရောင်ဖြင့် အိမ်ခန်းထဲရှိ အရာဝတ္ထုတို့၏ အဆင်းအရောင်တို့ကို ထင်ထင်ရှားရှား သိမြင်လာရ၏။ ဤအတူသာပင် ပညာဖြစ်ပေါ်လာလတ်သော် အဝိဇ္ဇာ အမိုက်တိုက်ကို တိုက်ထုတ်ဖျက်ဆီး၏။ ဝိဇ္ဇာဉာဏ် အလင်းရောင် ထွန်းပြောင်လာ၏။ အရိယာ သစ္စာတို့ကို ထင်ရှားစွာ သိမြင်လာ၏။ ထို့ကြောင့်ပင် ကမ္မဋ္ဌာန်းစီးဖြန်းသော ယောဂီ ပုဂ္ဂိုလ်သည် အနိစ္စ၊ ဒုက္ခ၊ အနတ္တ သဘောတို့ကို ဖြောင့်ဖြောင့်မှန်မှန် ဉာဏ်ဖြင့် ရှုမြင်နိုင်ပေ၏"

"အရှင်ဘုရား သင့်လျော်လှပါပေ၏"

**စာမျက်နှာ(၅၉)သို့**

# ခင်ပွန်းကြီးဆယ်ပါး ဆိုသည်မှာ

မပြစ်မှားနဲ့

အဂ္ဂမဟာပဏ္ဍိတ အရှင်ကုမာရ

အေး- ခင်ပွန်းကြီးဆယ်ပါးကို ကျေးဇူးမသိချင်နေပါဦး၊ ကျေးဇူးသိပြီး မဆပ်ချင်နေပါဦး၊ ကိုယ် နှုတ် စိတ် သုံးပါးတို့တွင် တစ်ပါးပါးဖြင့် မပြစ်မှားပါနဲ့။ ပြစ်မှားခဲ့မိရင် ပြစ်မှားတဲ့ပုဂ္ဂိုလ်မှာ ဒဏ်ဆယ်ပါးတို့တွင် တစ်ပါးပါး လျင်စွာကျမှာပါ။

အေး- သမ္မာသမ္ဗုဒ္ဓဘုရားရှင်ဟာ သက်တော်ထင်ရှား မရှိတော့ပါဘူး။ ၄၅-ဝါ ကာလ ပတ်လုံး လူနတ်ဗြဟ္မာ သတ္တဝါ အားလုံးတို့ရဲ့ လူနတ် နိဗ္ဗာန် သုံးတန်သောအကျိုးကို သယ်ပိုးပြီး ပရိနိဗ္ဗာန် ဝင်စံချုပ်ငြိမ်း ဘုံဇာတ်သိမ်းသွားပါပြီ။

ယခုအခါ ရုပ်ပွားတော်၊ ဆင်းတုတော်၊ ဓာတ်တော်၊ ဆံတော် စသည်တို့ပဲ ရှိပါတော့တယ်။ အဲဒီ ရုပ်ပွားတော်စသည်တို့ကို သက်တော်ထင်ရှား ဘုရားရှင်နှင့်အတူထားပြီး လေးစား ကြည်ညိုရင် အကျိုးကြီးသလို ပြစ်မှားရင်လည်း အပြစ်ကြီးပါတယ်။

ပစ္စေက ဗုဒ္ဓါခေတ် မဟုတ်လို့ ပစ္စေကဗုဒ္ဓါ အရှင်မြတ်တွေကို မပြစ်မှားကြပါဘူး။ ရဟန္တာအရှင်မြတ်တွေ၊ အဂ္ဂသာဝက ရဟန္တာ အရှင်မြတ်တွေလည်း မရှိတော့၊ ရှိသော်လည်း အနီးကပ်မနေရတော့ မပြစ်မှားကြပါဘူး။

အဲ- နီးကပ်နေကြတာက အမိ အဖ၊ အလေးဂရုပြုသင့်တဲ့ ပုဂ္ဂိုလ်၊ ဆရာသမားနှင့် ကျွေးမွေးပေးမွေးသူတွေပဲ။ အနီးကပ်လည်း နေတယ်။ ကျေးဇူးလည်း များတယ်။ ပြစ်မှားတာလည်း များတတ်ကြပါတယ်။

အထူးအားဖြင့် အမိ၊ အဖနှင့် သားသမီးတို့ဟာ တစ်အိမ်တည်းမှာ အတူနေကြပါတယ်။ အဲဒီ အမိ၊ အဖတွေ အပေါ်မှာ နှုတ်ခမ်းစူတာတို့၊ ခြေဆောင့်တာတို့၊ ပြန်ပြောတာတို့၊ အော်တာ ငေါက်တာတို့ ရှိတတ်ပါတယ်။

ပြီးတော့ ကိုယ်လိုတာ မရလို့ စိတ်ကောက်တာတို့။ ကိုယ်သွားချင်တာ မသွားရလို့

စိတ်ကောက်ပြီး ပြောချင်တာ ပြောတာတို့ စသည်ဖြင့် ပြစ်မှားတတ်ကြပါတယ်။

ပြီးတော့ အလေးဂရုပြုသင့်တဲ့ပုဂ္ဂိုလ်တွေဟာလည်း မိမိတို့နှင့် အနီးကပ်မှာ ရှိကြပါတယ်။ ပြစ်မှားလည်း ပြစ်မှားတတ်ကြပါတယ်။ ဆရာသမားနှင့် ကျွေးဖူးပေးဖူးတဲ့ ပုဂ္ဂိုလ်တွေလည်း မိမိတို့နှင့် အနီးကပ် ရှိတတ်ကြပါတယ်။

ပြီးတော့ အစ်ကိုကြီး၊ အစ်မကြီး၊ ဦးတို့ အဒေါ်တို့ စတဲ့ပုဂ္ဂိုလ်တွေဟာလည်း မိမိတို့ အပေါ်မှာ အများကြီး ကျေးဇူးရှိပါတယ်။ မပြစ်မှားသင့်တဲ့ ပုဂ္ဂိုလ်တွေပါ။

အေး- မပြစ်မှားသင့် ဒဏ်မထားသင့်တဲ့ ပုဂ္ဂိုလ်တွေဟာ မိမိတို့ ပတ်ဝန်းကျင်မှာ ဝိုင်းဝိုင်းလည်နေပါတယ်။ အဲဒီ ပုဂ္ဂိုလ်တွေအပေါ်မှာ ပြစ်မှားမိခဲ့ရင် ဒဏ်ထားမိခဲ့ရင် ဒဏ်ဆယ်ပါးတို့တွင် တစ်ပါးပါး လျင်စွာ ကျတတ်ပါတယ်။

- မပြစ်မှားသင့်ငြား၊ ပုဂ္ဂိုလ်များ၊ ပြစ်မှားသူတို့သည်
- ဒဏ်မထားသင့်ငြား၊ ပုဂ္ဂိုလ်များ၊ ဒဏ်ထားသူတို့သည်
- ဒဏ်ဆယ်ပါးတွင်၊ တစ်ပါးပါးလျှင်၊ လျင်စွာ ကျတတ်သည်။

အေး- ခုနက ပြောခဲ့တဲ့ ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာ၊ အဂ္ဂသာဝက၊ အမိ၊ အဖ၊ အလေးဂရုပြုထိုက်တဲ့သူ၊ ဆရာသမား၊ ဟောပြောပြသ ဆုံးမပေးသူ၊ ကျွေးပေးဖူးသူ ပုဂ္ဂိုလ် ဆယ်ဦးတို့တွင် တစ်ဦးဦးကို ကိုယ် နှုတ် စိတ် တစ်ပါးပါးနဲ့ ပြစ်မှားမိတဲ့သူတွေမှာ ဒဏ် ဆယ်ပါး တစ်ပါးပါး လျင်စွာ ကျတတ်ပါတယ်။

အဲဒီဒဏ်တွေက နောက်ဘဝဆိုင်းမှာလား၊ မျက်မှောက်ဘဝမှာ လျင်စွာကျမှာလားဆိုရင် မျက်မှောက်ဘဝမှာကို လျင်စွာကျတတ်ပါတယ်။ အဲဒီ ဒဏ်ဆယ်ပါး ဆိုတာက ဘာတွေလဲ၊ ဘယ်လောက်ကြောက်စရာကောင်းသလဲဆိုရင်-

**၁။ ကြမ်းကြုတ်လှစွာ၊ နာရောဂါ၊ ကိုယ်မှာ ကျတတ်သည်**

အေး- အဲဒီမှာ ကြမ်းကြုတ်လှစွာ ဆိုတာက အင်မတန် အကုရခက်တဲ့၊ ကုလို့မရနိုင်တဲ့ ခုခေတ်မှာ အဖြစ်များတဲ့ ကင်ဆာရောဂါမျိုးလိုပေါ့။ အင်မတန်လည်း အခံရခက်တယ်။ အကုရ လည်း ခက်တဲ့ ရောဂါမျိုး ကိုယ်မှာ ကျရောက်တတ်ပါတယ်။ ခုခေတ်မှာ ၄၂တစ်ယောက်

ဆုံးတယ်ဆိုတာကို နားထောင်ကြည့်ပါ။ အဆုတ်ကင်ဆာတဲ့၊ အသည်းကင်ဆာတဲ့၊ အစာအိမ်ကင်ဆာတဲ့။

အေး- အမျိုးသမီးလည်း ကင်ဆာ၊ အမျိုးသားလည်း ကင်ဆာ၊ သီလရှင်လည်း ကင်ဆာတဲ့။ ကဲ- ဖြစ်လိုက်ကြတဲ့ ကင်ဆာတွေ၊ အကုခက်တဲ့ ရောဂါတွေ ဘာကြောင့် ဖြစ်ပါသလဲ၊ အဖြစ်များသလဲ။

အကြောင်းရင်းကို မေးရင် မပြစ်မှားသင့် မပြစ်မှားထိုက်တဲ့ ပုဂ္ဂိုလ်တွေကို ပြစ်မှားလို့ ပြောနိုင်ပါတယ်။

မပြစ်မှားသင့်တဲ့ပုဂ္ဂိုလ်တွေကို ပြစ်မှားတဲ့ပုဂ္ဂိုလ်၊ ဒဏ်ထားတဲ့ ပုဂ္ဂိုလ်တွေက များပါတယ်။ ဘာဖြစ်လို့ ပြစ်မှားကြသလဲ။ လူ၊ ရှင်ရဟန်း၊ သီလရှင်တွေ တော်တော်များများဟာ ရှင်တော်ဗုဒ္ဓ၏ အဆုံးအမနဲ့ ကင်းဝေးကြပါတယ်။

အေး- ဗုဒ္ဓ အဆုံးအမတွေနဲ့ ကင်းဝေးကြတော့ ကြမ်းကြမ်းတမ်းတမ်း ဆဲဆိုကြ၊ ကြိမ်းမောင်းကြ၊ ရိုက်ကြစသည်ဖြင့် ပြစ်မှားကြပါတယ်။ အေး- အမိ၊ အဖကိုတောင် ပြစ်မှားတဲ့ပုဂ္ဂိုလ်တွေ တစ်ပုံကြီးပါ။

**အဖကို ပြစ်မှားသူ**

ဘုန်းကြီးတို့ တစ်ခါတုန်းက ရေးမြို့ကိုသွား တရားဟောပြီး ပြန်လာတော့ ဘူတာတစ်ဘူတာအရောက် ရထားက ကြာသင့်တာထက် သိပ်ပြီး ကြာနေတော့ အပြင်ဘက်ကို ကြည့်မိတယ်။ အလောင်းတစ်လောင်းကို ဖျာလိပ်နဲ့ပတ်ပြီး ရထားပေါ်တင်နေတာ တွေ့ရပါတယ်။

အဘိုးကြီးတစ်ယောက်ကိုလည်း လက်ထိပ်ခတ်ပြီး ရထားပေါ်တင်နေတာ တွေ့ရပါတယ်။ သိချင်တာနဲ့ မေးကြည့်တော့ အလောင်းက အဘိုးကြီးရဲ့သားတဲ့။ သူ့သားက သူ့ကို ဓားနဲ့ လိုက်လို့ "ဒီကောင် ဒီလောက်မိုက်တာ" ဆိုပြီး အဘိုးကြီးက ကိုင်းခုတ်ဓားနဲ့ ခုတ်လိုက်တာ တစ်ချက်တည်း ပွဲချင်းပြီး သားသေရောတဲ့။

အေး- အဲဒီဒဏ်ကို တစ်ပါးလို့ မှတ်ထားပါ။ နောက်ဘယ်လိုဒဏ်မျိုး သင့်တတ်ပါသေးသလဲဆိုရင်-

ရှေ့လဆက်ရန်

သုတေသနစာကြည့်တိုက်
သာသနာတော်ထွန်းကား ပြန့်ပွားရေးဦးစီးဌာန
ကမ္ဘာအေး၊ရန်ကုန်



# ကုသိုလ်လည်းရ ဝမ်းလည်းဝ ဂါထာတော်

မငွေးငွေးစင်(ဖယ်ခုံ)



(ဟော့ အစ်မ ဘာဟင်းချက်)

ခင်မင်ရင်းနှီးလွန်းသော အိမ်နီးချင်း သီသီမွန်က အသံနှင့်အတူ ကျွန်မ ချက်ပြုတ်နေသည့် အနီးသို့ ရောက်လာ၏။

လက်သွက် အကျင့်ရှိသော သူ့အကျင့်အတိုင်း စားပွဲပေါ်ရှိ ဟင်းများ အုပ်ထားသော အုပ်ဆောင်းကို ဖွင့်ကာ-

(ဟာ.... ဟင်းတွေက မနည်းပါလား၊ အစ်မတို့ကနှစ်ယောက်ထဲ...)

မီးဖိုကိစ္စ ပြီးစီးပြီဖြစ်သဖြင့် ကျွန်မဘာမှ ပြန်မပြောဘဲ သူ့ကို ဧည့်ခန်းအတွင်း ခေါ်လာပြီး ရေနွေးနှင့် မြေပဲကြော်လေးဖြင့် ဧည့်ခံကာ ကျွန်မသူ့အနီးသို့ ဝင်ထိုင်

ကာ အေးအေးဆေးဆေး စကားပြောကြရန် ဖြစ်ပါသည်။

(သီသီ-ရော ဘာတွေချက်ခဲ့လဲ...)

ကျွန်မ အမေးကို မဖြေမီ သူ့ထုံးစံအတိုင်း လက်နှစ်ဘက်ကို ဆုတ်ကိုင်ပွတ်သက်၍ မျက်မှောင်ကို ကုတ်ချိုးရင်း -

(စဉ်းစားမရသေးဘူး အမ-ရာ အဲဒါ.... ဈေးသွားချင်လို့ ထုံးစံအတိုင်းပဲ ပေါ့နော်...)

ရယ်ကျဲကျဲလေးလုပ်ပြီး လက်ဖဝါးလေးဖြန့်ကာ ထိုးပြလာသဖြင့် ကျွန်မမျက်စောင်းသာသာလေးထိုးရင်း အနွေးထည်အိပ်ကပ်ကိုနှိုက်ကာ ပိုက်ဆံ သုံးထောင်



၀၃၁၇၇

ပေးလိုက်လေသည်။

(ဟိဟိ… ဟင်းချက်စရာ သွားဝယ်လိုက်အုံးမယ်၊ နေ့လည်မှလ္ဘက်သုပ် လာစားမယ်နော်…)

(မနက်က… အမဆီက ယူသွားတဲ့ပိုက်ဆံနဲ့ ဆီတစ်ပုလင်းနှင့် ကြက်ဥဝယ်တာ ကုန်ရော ကြက်သွန်နီတော့ နည်းနည်းဝယ်လိုက်ရသေးတယ်…)

လ္ဘက်သုပ် တစ်ဇွန်း ကော်စားရင်း သီသီက စကားစလာသည်။

(အစ်မ… ငရုတ်သီးစိမ်း ရှိသေးလား…)

ကျွန်မ… (ရေဆေးထားတယ် အုပ်ဆောင်းထဲမှာ သွားယူလိုက်)

သီသီ မီးဖိုခန်းဘက် သွားယူတာ ပြန်လာသည်။

(အမ - ထမင်းမစားဘူးသေးဘူးလား၊ ဟင်းတွေက အများကြီးရှိနေသေးတယ်…)

ကျွန်မ (စားပါတယ် မသီရယ် တောင်ဘက်အိမ်က ခုဏက ငါးပေါင်းပြီး လာပို့ထားလို့ ညစာထားလိုက်တာ…)

သီသီက ကျွန်မကို ခပ်ငေးငေးလေး ကြည့်နေရင်း-

(အစ်မတို့ ချက်ပြုတ်စားနိုင်တာ တောင် ဟင်းပို့ကြသေးတယ်…)

ကျွန်မ- (တစ်ဦးစေတနာ တစ်ဦးပေါ့ကွယ်…)

ရေနွေးသောက်နေသော မသီကို လ္ဘက်သုပ်ပန်းကန် လှမ်းပေးရင်း -

(မသီကို အမလက်ဆောင် ပေးရအုံးမယ်… အဲဒါလေးကို ယုံယုံကြည်ကြည် လက်ခံ၊ ယုံယုံကြည်ကြည် လုပ်ဆောင်ရင် ကုသိုလ်လည်းရ ဝမ်းလည်းဝမယ်…၊ အမလက်တွေ့ဘဲ…၊ အစားအသောက်မရှားပါဘူး။ ကိုယ်ဝယ်စားဖို့ အခက်အခဲရှိတောင်မှ တစ်မျိုးမဟုတ် တစ်မျိုး၊ တစ်ဦးမဟုတ် တစ်ဦး လာပို့ကြတာ စားမကုန်ပါဘဲ မသီ သိတဲ့အတိုင်း အမလည်း အိမ်နီးချင်းတွေ သင့်ရာသင့်ရာ ဝေငှစားသောက်တာပဲ စိတ်ကောင်းထား၊ ရတနာသုံးပါး ဦးထိပ်ထားရင် မငတ်တော့ပါဘူးကွယ် ကိုယ်တတ်စွမ်းသမျှ ဒါနလေးတစ်ခုပေါ့ အစ်မ ထမင်းစားနေရင်းနဲ့လည်း ငါးဟင်းပို့ပေးထားတဲ့သူ ငါးဟင်း အရသာလေး တွေ့ပါစေ။ ထမင်း မိန်မိန်လေး စားချိုပါစေလို့ တွေးရင်း

ကိုယ့်ဟင်းလေးကို အရသာပြန်ခံစားရင်း စားပြီး ကြည်နူး ကြည့်မိပါတယ်။ နောက်ပြီး ဒါနလေး အရင်းခံပြီး မသီကို ကုသိုလ်လည်းရ ဝမ်းလည်းဝ ဂါထာတော်လေး အစ်မအမြဲတမ်း ယုံယုံကြည်ကြည်နဲ့ ရွတ်ဖတ်သရဇ္ဈာယ် လုပ်ဆောင်တဲ့ ဂါထာတော်ကို ရေးပေးမယ်။ ငါးပါးသီလ အမြဲ ဆောက်တည်ပြီး ရွတ်ဖတ်ပါ။ ချက်ချင်းကြီးတော့ မဟုတ်ဘူးပေါ့နော် ဒါပေမဲ့ မသီကို ဘုရားစွန့်ကြဲပါလိမ့်မယ်။ ကျွေးပါလိမ့်မည်။ မြတ်ဘုရားရဲ့ သား၊ သမီးတွေပဲကွယ်၊ မငတ်နိုင်ပါဘူး။ ယုံယုံကြည်ကြည်သာ လုပ်ဆောင်ကြည့်ပါ။ အစ်မလက်တွေ့ပါပဲ...

"ကုသိုလ်လည်းရ ဝမ်းလည်းဝ"

ဗုဒ္ဓ ဂုဏော အနန္တော၊

ဓမ္မ ဂုဏော အနန္တော၊

သံဃ ဂုဏော အနန္တော၊

မာတာပိတု ဂုဏော အနန္တော၊

အာစရိယ ဂုဏော အနန္တော၊

ဗုဒ္ဓေါ မေ သရဏံ အညံနတ္ထိ၊

ဓမ္မော မေ သရဏံ အညံနတ္ထိ၊

သံဃော မေ သရဏံ အညံနတ္ထိ။

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊

ဓမ္မံ သရဏံ ဂစ္ဆာမိ၊

သံဃံ သရဏံ ဂစ္ဆာမိ။

သောဥတ္တိ ဂစ္ဆ အမုမှိ ဩကာသေ တိဋ္ဌာဟိ။

အထက်ပါ ဂါထာတော်ကို တစ်နေ့လျှင် အကြိမ် ခြောက်ဆယ်နှုန်းဖြင့်

ယုံကြည်စွာရွတ်ဖတ်ပူဇော်ပါ။

(နံနက် အကြိမ်(၂၀)၊ နေ့လည် အကြိမ်(၂၀)၊ ညအိပ်ယာဝင် အကြိမ်(၂၀) ရွတ်ဖတ်ပူဇော်ပါ)။

ဂါထာ တစ်ပိုဒ်ဆုံးလျှင် ပုတီးတစ်လုံးနှုန်းဖြင့် ပုတီးအလုံးနှစ်ဆယ် ရွတ်ဖတ်ပူဇော်နိုင်ပါသည်။

နေ့စဉ် ရွတ်ဖတ်ပူဇော်ခြင်းဖြင့် မိမိအတွက် ကောင်းမြတ်သော အကျိုးထူးများကို ရရှိနိုင်ခြင်းကြောင့်

ယခုမှစ၍ ပုတီးကိုကိုင်ကာ ရွတ်ဖတ်ကြပါစို့၊

(၇)ရက်သား၊ သမီး အပေါင်းဘေးကင်းရန်ကွာ၊ ကိုယ်ရောစိတ်ပါ ကျန်းမာချမ်းသာကြပါစေ။

ဌေးဌေးဇင်(ဖယ်ခုံ)

# ဆေးဆရာ ဗီဇကထိုး နှလုံးမူ၍ . . .

အရှင်နန္ဒသေန (ဒေါင်းသာ)

စာရေးသူသည် ၂၀၁၀-ခုနှစ်မှာ ပေါက်မြို့နယ် သပွတ်စုရွာ ရွာဦးဘုန်းတော်ကြီးကျောင်းတွင် ကျောင်းထိုင်ဖြစ်သည်။ ဦးပဥ္စင်းကြီး ဦးဣန္ဒာစာရနှင့် ကိုရင်ကြီး ဝံသပါလ(ဦးခင်မောင်ထွန်း)တို့ ရှိနှင့်နေသည်။ ဒေါင်းသာ ဆရာတော်ထံမှ တူတော်မောင် သီဟကျော်နှင့် ကိုရင်ပဏ္ဍာဝံသတို့ကို ခေါ်ခဲ့သည်။ သပွတ်စုရွာမှ မောင်ဝေမြှုမောင်နှင့်ဆို ၃-ယောက်ဖြစ်လာသည်။ ပထမဆုံး တပည့်လေးများဖြစ်ကြသည်။

ထိုနှစ် နွေရာသီကျောင်းပိတ်ရက်မှာ ကျောင်းသားအချို့ ကိုရင်ဝတ်လာကြသည်။ ကျောင်းဖွင့်ခါနီး ကိုရင်များကို ဘုန်းဘုန်းကျောင်းကနေ ကိုရင်ဝတ်နဲ့ ကျောင်းတက်မလား၊ ကျောင်းသားဝတ်နဲ့ ကျောင်းတက်မလားဟု မေးတော့ ကိုရင်ဝတ်နဲ့တက်မှာပါဘုရား။ အေးဒါဆို ကိုရင် မထွက်ကြနဲ့၊ ဘုန်းဘုန်း ဆရာမကြီးကို ပြောပေးမယ် ပြောထားလိုက်သည်။ ကျောင်းဖွင့်တော့ မိဘများကို အပ်ခိုင်းလိုက်သည်။ အဆင်မပြေ။ ကိုရင်ဝတ်နဲ့ ကျောင်းလက်မခံဘူးတဲ့။ ကျောင်းအုပ်ဆရာမကြီးကို ဘုန်းတော်ကြီးကျောင်းသို့ အလည်လာခဲ့ဖို့ ပြောခိုင်းလိုက်သည်။ တစ်ရက်နှစ်ရက် ကြာသည့်တိုင် ဘုန်းကြီးကျောင်းသို့ ရောက်မလာ။ ကိုရင်များကတော့ စာသင်ကျောင်းကို သွားမြဲသွားလျက်။

တစ်ရက်မှာ စာရေးသူ စာသင်ကျောင်းသို့ ရောက်သွားသည်။ ဆရာမကြီးနဲ့တွေ့သည်။ တပည့်တော်မ အချိန်မရလို့ ဘုန်းဘုန်းကျောင်းမလာဖြစ်တော့ပါဘုရား။ တပည့်တော်မက ပွင့်ပွင့်လင်းလင်းသမားဆိုတော့ ပွင့်ပွင့်လင်းလင်းပဲ လျှောက်ချင်တယ်ဘုရား။ လျှောက်ပါ ဆရာမကြီး။ ရပါတယ်။

"တပည့်တော်မလဲ ဗုဒ္ဓဘာသာပါဘုရား။ တပည့်တော်မ တာဝန်ထမ်းဆောင်ခဲ့ဘူးတဲ့ စာသင်ကျောင်းတွေမှာ ကိုရင်ဝတ်တွေနဲ့ မရှိခဲ့ဘူးပါဘုရား။ ကိုရင်တွေ ဝေါက်ရရိုက်ရတာ အပြစ်ကြီးမှာ ကြောက်လို့ပါဘုရား။ အခုလို ကိုရင်တွေ ဝေါက်ရင်

ရိုက်ရင် အပြစ်ကြီးသလားဘုရားတဲ့"

ဆရာမကြီး ဘုန်းဘုန်းလဲ ကိုရင်တွေ ပေါက်တာ ရိုက်တာ အပြစ်ရှိ/မရှိနှင့် ပတ်သက်၍ စာမဖတ်ဖူးဘူး။ ဒါပေမဲ့ ဘုန်းဘုန်းတို့လဲ လူဆရာ/မတွေဆီမှာ ပညာသင်ယူဖူးတော့ အပြစ်မရှိဘူးလို့ ထင်တာပဲ။ အင်းဝခေတ်က သံပျင်မင်းသမီးအကြောင်းဖတ်ဖူးတယ်။ သံပျင်မင်းသမီးက ပိဋကတ်စာပေကျွမ်းကျင်တော့ ဘုန်းတော်ကြီးများပင် စာလိုက်ကြရသတဲ့။ ဘုန်းတော်ကြီးများက ကန့်လန့်ကာပြင်ပမှာ စာလိုက်ကြပြီး မင်းသမီးက ကန့်လန့်ကာအတွင်းမှ စာသင်ပို့ချပေးသတဲ့။ နောင် စာလိုက် ဦးပဉ္စင်းတစ်ပါးနှင့် သံယောဇဉ်ညှိရာ ဘုရင်မင်းတရားကြီး သိတော်မူ၍ သမီးတော်ကို ချစ်ကြိုက်ပါက ကျမ်းတစ်စောင် ပေတစ်ဖွဲ့ရေးသားနိုင်ရင် ပေးစားမည်-ဆို၍ သံပျင်ဋီကာကျမ်းကို ရေးသားဆက်သဖူးသတဲ့။ ဤသို့ ခေတ်အဆက်ဆက် ဘုန်းတော်ကြီးများလည်း လူပညာရှိများထံ ပညာသင်ယူခဲ့ကြကြောင်း ပြောပြရင်း ကိုရင်တွေ စာသင်ရင်း ပေါက်ရ ရိုက်ရတာ အပြစ်မရှိလောက်ကြောင်း ပြောပြခဲ့သည်။

ဆရာမကြီးက ၄င်းအဖြေကို အားရကျေနပ်ဟန်မတူ။ ဘုန်းဘုန်းတို့က အသိရှိတဲ့အရွယ်ဆိုတော့ ပြောရုံဆိုရုံနဲ့ရတယ်။ ကလေးတွေက ပြောရုံ ဆိုရုံမရတော့ ပေါက်ရ ရိုက်ရတာ အပြစ်ကြီးမှာ ကြောက်လို့ပါဘုရား။ အခုနှစ်က မူလွန်-ကျောင်းဖွင့်ပြီဆိုတော့ တပည့်တော်မ တစ်ဦးတည်းနဲ့ မပြီးတော့ဘူးဘုရား။ မြို့ပေါ် အထက်တန်းကျောင်းနဲ့ တွဲအုပ်ချုပ်ရမှာပါဘုရား။ မြို့နယ်ပညာရေးမှူးဆရာမကြီးနဲ့ တိုင်ပင်လိုက်ပါဦးမည်။ ဆရာမကြီးက လက်ခံလိုက်ပါဆိုရင် လက်ခံပါမယ်ဘုရားဟု လျှောက်တယ်။

အင်းပါ တိုင်ပင်လိုက်ပါဦး။ ဦးပဉ္စင်းတို့လည်း ဆရာ/မတို့ရဲ့ လိုအပ်ချက်၊ စာသင်ကျောင်းရဲ့ လိုအပ်ချက်တွေကို ရပ်ရွာနဲ့ပေါင်းပြီး ကူညီပေးမှာပါ။ ဦးပဉ္စင်းတို့ရဲ့ တပည့် ကိုရင် ကျောင်းသားတွေကို လက်ခံကူညီစောင့်ရှောက်ပေးပါ။ ဒီခေတ်ကြီးမှာ ဘုန်းတော်ကြီးကျောင်းစာပေ သင်ယူမည့် ကိုရင်ကျောင်းသားဆိုတာ မရှိသလောက်ဖြစ်သွားပြီ။ စာသင်ကျောင်းသားကိုပင် ကိုရင်ကျောင်းသားအဖြစ် မွေးမြူမှ ရတော့မည်။ ဆရာမတို့ရဲ့ကျောင်းမှာလည်း ကျောင်းသားဦးရေမလျော့အောင် ဦးပဉ္စင်းတို့ကျောင်းမှာလည်း ကိုရင် ကျောင်းသားရရှိအောင် ပူးပေါင်းဆောင်ရွက်တာပါ-ဟု

ပြောပြီး ပြန်လာခဲ့သည်။

တစ်ရက်မှာ လက်ထောက်ပညာရေးမှူး ဆရာကြီးကျောင်းစစ်ရောက်လာခိုက် စာရေးသူသည် အလည်ရောက်သွားသည်။ ဆရာကြီးက ဘုန်းဘုန်းအလည်လာတာလားဘုရား။ အင်း…ဟုတ်တယ် ဆရာကြီး။ ဘုန်းဘုန်းရဲ့ကိုရင်၊ ကျောင်းသားတွေ ဒီမှာကျောင်းတက်လား။ အင်းတက်တယ်။ ဘုန်းဘုန်းဆွမ်းချိန် ကွမ်းချိန် ခက်ခဲမှာပေါ့။ အင်း… နည်းနည်းတော့ ခက်ခဲတာပေါ့။ ဆရာမကြီးနဲ့ အဆင်ပြေအောင် အချိန်ညှိလိုက်ပါဘုရား။ ဘုန်းဘုန်းကလည်း ကိုရင်၊ ကျောင်းသားတွေ စာနောက်မကျအောင် ကျောင်းပြန်ရောက်တဲ့အခါ ကြပ်မတ်ပေးလိုက်ပါဘုရား။ ရပါတယ် ဆရာကြီး။ ကြပ်မတ်ပေးရမှာပေါ့။ ဆရာမကြီးကပဲ ကြိုတင်၍ ပြောထားသလားမသိဘူး။ ဆရာကြီးကမေးတာကိုပဲ ဖြေခဲ့ရတယ်။ စာရေးသူက အထူးအထွေကို မပြောလိုက်ရဘူး။ မကြာခင် ဆရာမကြီး အနားရောက်လာသည်။ ပညာရေးမှူးက ဆရာမကြီး ဘုန်းဘုန်းရဲ့ ကိုရင်၊ ကျောင်းသားတွေကို အဆင်ပြေအောင် အချိန်လေးညှိပေးလိုက်ပါ။ ထိုအခါ ဆရာမကြီးက ဘုန်းဘုန်းဘယ်အချိန်ပြန်လွှတ်ပေးရမလဲဘုရား။ ၁၀း၃၀ နာရီလောက်ဆို အဆင်ပြေပါတယ် ဟု ပြောခဲ့သည်။ ၁၀-နာရီ ၃၀-မိနစ်က ကိုရင်၊ ကျောင်းသားတွေအတွက် စာအတော်လေးနောက်ကျမှာစိုး၍ ၁၁-နာရီမှာပဲ အလှည့်ကျ ပြန်လွှတ်ပေးဖို့ မေတ္တာရပ်ခံလိုက်သည်။

အဆင်ပြေပါသည် အလှည့်ကျ ကိုရင်၊ ကျောင်းသားတွေ ၁၁-နာရီကျောင်းဆင်း ရွာထဲ ဆွမ်းအိုးအိမ်များမှ ဆွမ်းချိုင့်များယူခဲ့ရာ ၁၁-နာရီ ၂၀-မိနစ်ဆို ကျောင်းပြန်ရောက်သည်။ ဘုရားဆွမ်းတော်ကပ်၊ ဘုန်းကြီး ဆွမ်းကပ်သည်။ ၎င်းနောက်ကိုရင်၊ ကျောင်းသားများ ဘုဉ်းပေးစားသောက်ဆေးကြောကြပြီး နေ့လည် ၁၂သင် ကျောင်းဆက်တက်ကြသည်။ ညနေ ၃-နာရီ ကျောင်းဆင်းတော့ ဘုန်းတော်ကြီးကျောင်းသို့ပြန်ရောက်လာ ကြသည်။

ဒီလိုနဲ့ စာရေးသူကျောင်းမှာ ကိုရင်၊ ကျောင်းသား ၁၁-ယောက် ကျွေးမွေးစောင့်ရှောက်နိုင်ခဲ့သည်။ သူတို့လေးတွေကို ကျောင်းဖွင့်ရာသီချိန်မှာ စာသင်ကျောင်းစာကျက်မှတ်ခိုင်းပြီး နွေရာသီကျောင်းပိတ်ရက်မှာ ဘုန်းတော်ကြီးကျောင်းစာ၊ ဘုရားစာတို့ကို ကျက်ခိုင်းသည်။ နဂိုတစ်ချိန်က-

ကိုရင်၊ ကျောင်းသား ပြတ်လပ်ခဲ့သော ကျောင်းမှာ အခုဆိုရင် ကိုရင်၊ ကျောင်းသား များ၏ ဘုရားရှိခိုးသံ၊ စာကျက်သံတို့ကို မြင်ရကြားရ သလို ပြေးလွှားဆော့ကစားနေတာတွေကိုလည်း တွေ့မြင်ရသူ ရှာသူ၊ ရွာသား အပေါင်းမှာ ကြည်နူးဝမ်းသာ ပီတိဖြစ်နေကြသည်။ ဘုရားသံ၊ တရားသံနဲ့ ဘုန်းကြီးကျောင်းနဲ့ တူလာပြီဟု ပြောသူက ပြောလာကြသည်။

နီးစပ်ရာ သူငယ်ချင်းတွေက ကိုရင် ကျောင်းသားမရှိ၍ စိတ်ညစ်နေကြသည်။ အခုခေတ်က ဘုန်းကြီးစာ၊ ဘုရားစာ သင်မည့် ကိုရင်၊ ကျောင်းသား မရှိတော့ကြောင်း၊ စာသင်ကျောင်းသားတွေကို မွေးမြူထောက်ပံ့ စောင့်ရှောက်မှ ကိုရင်၊ ကျောင်းသားရရှိတော့မည်ဖြစ်ကြောင်း အကြံပြုလိုက်ရသည်။

အချို့က ဒို့လဲ စာသင်ကျောင်းသားတွေကို ကိုရင်ဝတ်နဲ့ နေဖို့ပြောတာပဲ။ ဆရာ/မတွေက ကိုရင်ဝတ်နဲ့ မတက်ရဘူး။ ချွတ်ရမယ်ဆို၍ အခက်တွေ့နေတယ်။ အရှင်ဘုရားအနေနဲ့ လာရောက်ပြောပေးပါဦးဟု အကူအညီ တောင်းကြသည်။ စာရေးသူလည်း နီးစပ်ရာ ဆရာ/မများနဲ့တွေ့ရင် ဘုန်းတော်ကြီးကျောင်းတွေမှာ ကျောင်းသား ကိုရင်တွေ မရှိကြတော့ကြောင်း၊ ကျောင်းသားကိုရင်များ မရှိပါက ရဟန်းတော်များ၊ ဆရာတော်များ၊ ကျောင်းထိုင်ဘုန်းကြီးများ ပေါ်ပေါက်လာမှာ မဟုတ်ကြောင်း၊ ကျောင်းထိုင်ဘုန်းကြီးများ၊ ဆရာတော်၊ သံဃာတော်များ မရှိတော့လျှင် ကျောင်းတော်ကြီးများ၊ ဘုရားပုထိုးများသည်လည်း ရုပ်ဝတ္ထုမျှသာ တည်ရှိပြီး ပြရုပ်၊ ပြခန်း၊ ပြတိုက်တစ်ခုအနေနဲ့ ကျန်ရစ်ခါ သာသနာတော်ကွယ်ပျောက်ဖို့ ရှိနေသည်။ သို့ဖြစ်၍ ရှေးဦးဘုန်းတော်ကြီးများ၏ တပည့်မျိုးဆက်သစ် ကိုရင်၊ ကျောင်းသားများကို လက်ခံပေးခြင်းဖြင့် အမျိုးဘာသာ သာသနာမကွယ်ပရအောင် တစ်ဘက်တစ်လမ်းမှ စောင့်ရှောက်ပေးရာ ရောက်သည်ဟု နှလုံးသွင်းကြဖို့ မေတ္တာရပ်ခံပေးနေရသည်။

တစ်ရက်မှာ ရန်ကုန်ရောက်ခိုက် လှည်းကူးမြို့၊ ဝါးရုံတော သာသနပါလ ပရိယတ္တိစာသင်တိုက်၊ နာယက၊ နိုင်ငံတော် ပရိယတ္တိ သာသနတက္ကသိုလ် (ရန်ကုန်) ပါဠိစာပေဌာန၊ ကထိက ဆရာတော် ဘဒ္ဒန္တဝိသုတာဘိဝံသအား သွားရောက်ကန်တော့ဖြစ်သည်။

ဆရာတော်က ကျောင်းထိုင်သာသနာပြုရတာ အဆင်ပြေရဲ့လား။ ကိုရင်၊ ကျောင်းသားတွေ ဘယ်နှစ်ယောက် ရှိသလဲ။

မှန်ပါ။ အဆင်ပြေပါတယ်ဘုရား။ ကိုရင်၊ ကျောင်းသား ၁၁-ယောက်ရှိပါတယ်ဘုရား။ အေး-ဒါဆို မဆိုးပါဘူး။ ငါ့ရွာဟုန်းတောင်မြောက်စုမှ ကိုရင်တစ်ပါးမှ မရှိဘူး။ အာဂန္တု ဧည့်သည့်လာရင် ကျောင်းထိုင်ဘုန်းကြီး ကိုယ်တိုင် ထထလုပ်နေရတာ အားနာစရာ ကောင်းတယ်ဟု မိန့်သည်။

မှန်ပါ။ အဲဒီ ၁၁-ယောက်က စာသင်ကျောင်းသားတွေကို ကိုရင်ဝတ်ပေးပြီး မွေးမြူ စောင့်ရှောက်ပေး ထားတာပါဘုရား။ အေးပါ- ဘာပဲဖြစ်ဖြစ်လေ ကိုရင်၊ ကျောင်းသားရှိဖို့က အဓိကပဲ။

ဆရာတော်ဘုရား ဆရာ/မတွေက ကိုရင်လေးတွေကို စာသင်ရင်း ဝေါက်ရ-ရိုက်ရတာ အပြစ်ကြီးမှာ ကြောက်တယ်တဲ့ဘုရား။ အပြစ်ကြီးလားလို့ မေးကြတယ်ဘုရား။ တပည့်တော်လည်း အပြစ်ရှိ/မရှိ စာမဖတ်ဘူး၍ အပြစ်မရှိလောက်ကြောင်းနှင့် သံပျင်မင်းသမီးအကြောင်းကိုပဲ ပြောပြခဲ့တယ်ဘုရား။

ဒီလိုဆို ဒီပုံပြင်လေးကို ပြောပြလိုက်ပါ။ ဆေးဆရာ ဇီဝကနှင့် ရှင်ဒေဝဒတ်အကြောင်း။ ရှင်ဒေဝဒတ်က မြတ်စွာဘုရားကို သေကြောင်းကြံစည်တဲ့အနေနဲ့ ကျောက်မောင်းဆင်ချတာ။ မြတ်စွာဘုရား ခြေမတော်သွေးစိမ်း တည်သွားတယ်။ ဆေးဆရာ ဇီဝက-က ၄င်းခြေမတော်ကို ဓါးနဲ့ ခွဲပြီး ကုသပေးတယ်။

ရှင်ဒေဝဒတ်က မြတ်စွာဘုရား ခြေမတော်ကို သွေးစိမ်းတည်ရုံလုပ်သော်လည်း စေတနာဆိုးထားသဖြင့် ငရဲကျရတယ်။ ဆေးဆရာ ဇီဝက-က ၄င်းခြေမတော်ကို ဓါးနဲ့ခွဲစိပ်ရသော်လည်း စေတနာ၊ မေတ္တာ ကောင်းထားသဖြင့် ကုသိုလ်ရတယ်။ ဒါကြောင့် ဆရာ/မတွေအနေနဲ့ စာသင်ရင်း ကိုရင်တွေကို ဝေါက်တယ်၊ ရိုက်တယ် ဆိုတဲ့နေရာမှာ စေတနာဆိုးထားရင် အပြစ်ရှိတယ်။ စေတနာကောင်းထားရင် ကုသိုလ်ရတယ်။ အပြစ်မရှိကြောင်း ပြောပြလိုက်ပါဟု မိန့်လိုက်သည်။

သို့ဖြစ်၍ ဆရာ/မတွေအနေနဲ့ ဆရာဇီဝကထုံး နှလုံးမူ၍ စေတနာ၊ မေတ္တာ ကောင်းထားပြီး ကိုရင်တွေကို သင်ကြားပြသရင် အပြစ်မရှိပါကြောင်း ရေးသားလိုက်ပါသည်။

အရှင်နန္ဒိသေန(ဒေါင်းသာ)




# အရိပ်မပမာ မခွဲခွါသည့် ဝဋ်ကြွေးကြမှာ

အရှင်ပညာနန္ဒ (ထုံးဘို)

သတ္တဝါမှန်သမျှတို့သည် ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိကြကုန်၏။ ကံ၏အမွေကို ခံယူကြရကုန်၏။ ကံသာလျှင် အခြေခံ အကြောင်းရင်းရှိကြကုန်၏။ ကံသာလျှင် ဆွေမျိုးရှိကုန်၏။ ကံသာလျှင် ကိုးကွယ်လည်း လျောင်း အားထားရာ ရှိကြကုန်၏။ သတ္တဝါတို့ အယုတ်ဖြစ်ဖို့ရန် အမြတ်ဖြစ်ဖို့ရန် ကံကသာ လျှင် ဝေဖန်ပေး၏။ ဤသို့ စူဠကမ္မဝိဘင်္ဂ သုတ်ဒေသနာတော်တွင် ဘုရားရှင်ကိုယ်တော် မြတ်ကြီးက အတိအလင်းဟောကြားပေးခဲ့ ပါသည်။ ကမ္မဿကတာ သမ္မာဒိဋ္ဌိဉာဏ်ရှိ ကြသူ ဗုဒ္ဓဘာသာဝင်တိုင်း ဤသဘောတရား ကို နားလည်ပြီးသား ဖြစ်နေကြမည် ဖြစ် သည်။

ကံဆိုသည်မှာ စေတနာပင်ဖြစ်ပါ သည်။ "စေတနာဟံ ဘိက္ခဝေ ကမ္မံ ဝဒါမိ" ဘုရားဟောဒေသနာနှင့် ကြည့်သော် စေတနာ ကို ကံဟု ဆိုပါသည်။ ထိုစေတနာကံသည် နာမ်တရားဖြစ်သောကြောင့် နာမ်တရားတို့၏ သဘာဝအတိုင်း ဖြစ်ပြီးချုပ်သွားပါသည်။ သို့သော်လည်း အခြားနာမ်တရားများကဲ့သို့ လုံးဝချုပ်ပျောက်သွားခြင်းမျိုး မဟုတ်ပဲ မိမိ၏ ခတ်သဘာဝကို ကံပြုသူ၏သန္တာန်မှာ မြှုပ် ထားပေးခဲ့ပါသည်။ ထိုကမ္မသတ္တိခတ်သည် နိဗ္ဗာန်ကို မျက်မှောက်မပြုသေးသမျှ ဘယ်သော အခါမှ မပျောက်ပါ။ အကြောင်းမညီညွတ် သေးလို့ အချိန်အခါမကျရင် မပေါ်သေးပေမဲ့၊ အကျိုးပေးဖို့ အခွင့်အခါသင့်သည်နှင့်တပြိုင်နက်

ကမ္မနိယာမအတိုင်း ကမ္မသတ္တိဓာတ်က ပေါ်လာကာ အကျိုးပေးလေတော့သည်။

လူတိုင်းကောင်းကျိုးကို လိုလားကြသည်။ သို့သော် စေတနာကောင်းမှ ကံကောင်း၍ ကောင်းကျိုးရပေလိမ့်မည်။ စေတနာဆိုးလျှင် ကံဆိုး၍ ဆိုးကျိုးနှင့်ကြုံရပေလိမ့်မည်။ "သုကတံ ဒုက္ကဋံ ကမ္မံ ဆာယာဝ အနုပါယိနီ" ဆိုသည့် ဒေသနာအတိုင်း ကောင်းကံဆိုးကံတို့သည် သတ္တဝါတို့၏ သန္တာန်ဝယ် အရိပ်ပမာ မခွဲမခွါအစဉ်လိုက်၍ နေပါသည်။ ထိုသဘောတရားကို ဉာဏ်မျက်လုံးပါသူတို့သာ သိနိုင်မြင်နိုင်ကြ၍ ကံမျက်လုံးပါသူတို့ မမြင်နိုင်ကြပုံကို သံဝေဂယူနိုင်ရန် သာဓက တစ်ရပ်မှာ-

မြတ်စွာဘုရား သာဝတ္ထိပြည်ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ်အချိန်ကဖြစ်သည်။ ရဟန်း၏ အမည်မှာ ကောဏ္ဍဓာနမထေရ်ဖြစ်သည်။ ထိုမထေရ် သွားလေရာ အရပ်သို့ ထပ်ကြပ်မခွါ မိန်းမငယ်တစ်ယောက်လိုက်ပါနေသည်ကို ကံမျက်လုံးပါသူတိုင်း မြင်တွေ့နေကြသည်။ ထိုမထေရ်က မမြင်မတွေ့ပါ။ ထိုအရာသည် အတိတ်ကပြုမှားခဲ့သော မကောင်းကံ ဝဋ်ကြွေးအရိပ်တစ်ခုသာဖြစ်ပါသည်။ အမျိုးသမီးဆိုသည်မှာ ရဟန်းကောင်းတို့၏ အညစ်အကြေး ဖြစ်သည်။ ထို့ကြောင့် သာမာန်ပုဂ္ဂိုလ်တို့က ထိုမထေရ်ကို သီလမရှိသော ရဟန်းဟု အမြင်မှားကြသည်။ တစ်ချို့ပုဂ္ဂိုလ်များဆိုဆွမ်းလောင်းရာ၌-

"ဤအရာက အရှင်ဘုရားအတွက် ဆွမ်းဖြစ်သည်။ ဤအရာက အရှင်ဘုရား၏ အပေါင်းအဖော်မအတွက် ဆွမ်းဖြစ်သည်" ဟု ပြောင်လှောင်ပြောဆိုကာ လောင်းလှူလိုက်ကြသည်။

ထိုမထေရ်သွားလေရာ မိန်းမငယ်လိုက်ပါနေသည်ကို မြင်ကြကုန်သော ကျောင်းတိုက်ကြီးအတွင်းနေ ပုထုဇဉ်ရဟန်းတို့ကလည်း ထိုမထေရ်ကို-

"လူစတုံးသော ကောဏ္ဍဓာနမထေရ်"

ဟုခေါ်ကြသည်။

အချို့သောရဟန်းတို့က

"အနာထပိဏ်သူဌေးကြီးကို ကျောင်းဒါယကာကြီး ဤသီလမရှိသော ရဟန်းကို သင်၏ကျောင်းမှ နှင်ထုတ်ပါလော့။ ဤရဟန်းကြောင့် အခြားသော သံဃာတွေ အကျော်အစောမဲ့ဖြစ်ရသည်" ဟု ဆိုကြကုန်၏။

"အရှင်မြတ်တို့ မြတ်စွာဘုရား ကျောင်းတော်ကြီးမှာ ရှိပါသလား"

ဟု လျှောက်ထားသည်။

"ထိုရဟန်းသည် ရှိပါသည် ဒကာကြီး"

"ထိုသို့ဖြစ်မူ မြတ်စွာဘုရားသည် သာလျှင် သိတော်မူပါလိမ့်မည်"

ဟု လျှောက်ထားကာ ထိုရဟန်းတို့၏ စကားကို ပယ်လေ၏။

ထိုရဟန်းတို့သည် ဝိသာခါကျောင်း အမကြီးအား ပြောကြားကြပြန်ကုန်၏။ ပုပ္ဖါရုံကျောင်းအမ ဝိသာခါလည်း အနာထပိဏ် သူဌေးကြီးနည်းတူ မေးမြန်းကာ ထိုရဟန်းတို့ စကားကို ပယ်လေ၏။ အကြောင်းမှာ ကောင်းစွာတွေးခေါ် မြော်မြင်တတ်ပြီး ဉာဏ်မျက်လုံးပါရှိကြသည့် အနာထပိဏ် သူဌေးကြီးတို့ ဝိသာခါ ကျောင်းအမကြီးတို့ သည် ဤကောဏ္ဍဓာနမထေရ် အမှန်တကယ် အကျင့်ပျက်ပါလျှင် မြတ်စွာဘုရားသည် အကြောင်းပြ ဖယ်ရှားမည်မှာ အမှန်ဖြစ်သည်။ သီလမပျက်သောကြောင့်သာ ထားခြင်းဖြစ် သည်ဟု အကြွင်းမဲ့ ယုံကြည်ထားသော ကြောင့် ဖြစ်သည်။

ထိုရဟန်းတို့လည်း တစ်ဆင့်တက် ကာ ကောသလမင်းကြီးအား ပြောကြားကြ ပြန်ကုန်၏။

"မြတ်သောမင်းကြီး ကောဏ္ဍဓာန မထေရ်သည် မိန်းမငယ်တစ်ယောက်ကို ယူ၍ သွားလာလှည့်လည်လျက် အလုံးစုံသော ရဟန်းတို့၏ အကျော်အစောမဲ့ကို ဖြစ်စေ လေသည်။ ထိုမထေရ်ကို အသင်မင်းကြီး တို့၏ နိုင်ငံတော်မှ နှင်ထုတ်ပါလော့"

ဟု ဆိုကာ တိုက်တွန်းကြသည်။

"အရှင်မင်းမြတ်တို့ ယခုအခါ ထိုမထေရ်သည် အဘယ်အရပ်၌နေသနည်း"

ဟု မေးလျှောက်သည်။

"မြတ်သောမင်းကြီး ယခုအခါ ထိုမထေရ်သည် ဇေတဝန်ကျောင်းတိုက်ကြီး အတွင်း ဤမည်သော ကျောင်း၌ နေသည်"

"အရှင်မြတ်တို့ဘုရား သို့ဖြစ်မူ ထိုမထေရ်ကို တပည့်တော်ကိုယ်တိုင် သွားရောက်၍ စုံစမ်းဖမ်းယူပါမည်" ဟု လျှောက်ထားလိုက်လေသည်။

ထို့နောက် မင်းကြီးသည် ညချမ်း အခါ ဇေတဝန်ကျောင်းဝန်းအတွင်းရှိ ထိုမထေရ် နေသောကျောင်းကို မင်းချင်းယောကျ်ားတို့ဖြင့် ဝန်းရံစေကာ မထေရ်နေသောအရပ်သို့ မိမိကိုယ်တိုင်ဦးဆောင်သွားလေသည်။

ကောဏ္ဍဓာနမထေရ်လည်း လူသံ အများကြားရသဖြင့် ကျောင်းတွင်းမှထွက်၍ ကျောင်းဦး၌ ရပ်သည်ရှိသော် မထေရ်၏ နောက်၌ မိန်းမငယ်ကို မင်းကြီးမြင်လေ၏။ မင်းကြီးလည်းကျောင်းပေါ်သို့ အလျှင်အမြန်

တက်ကာ ထိုမိန်းမငယ်ကိုရှာလေ၏။ မတွေ့သဖြင့် မထေရ်ကို-

"အရှင်မြတ်ဘုရား ဤအရပ်၌ မိန်းမငယ်တစ်ယောက်ကို တွေ့လိုက်ပါသည်။ ယခုဘယ်မှာနည်း"

ဟု မေးလျှောက်သည်။

"မင်းကြီးငါသည် မမြင်၊ အများကလည်း သင်မင်းကဲ့သို့ ပြောကြပါသည်။ သိလိုပါက သင်မင်းကြီးကိုယ်တိုင် ရှာဖွေစူစမ်းပါလော့"

ဟု ဆိုလေသည်။

"မင်းကြီးသည် တစ်ဖန်ကျောင်းအောက်သို့ဆင်းကာ မထေရ်ကို ကျောင်းဦး၌ ရပ်စေပြန်သည်ရှိသော် မိန်းမငယ်ကို တွေ့ပြန်၏၊ ကျောင်းပေါ်တက်၍ ရှာပြန်သော်လည်း မတွေ့ ဖြစ်ရချေသည်။ ထိုသို့အကြိမ်ကြိမ်စူးစမ်းရှာဖွေသော်လည်း မတွေ့သည့်အဆုံး၌

"ဤမိန်းမငယ်သည် အတုအပပုံရိပ်တစ်ခုသာတည်း" ဟု ဆုံးဖြတ်ချက်ချလိုက်သည်။

ထို့နောက် မထေရ်ကို-

"အရှင်ဘုရား ဤအကြောင်းတရားကြောင့် အရှင်မြတ်မှာဆွမ်းအခက်အခဲရှိသော် တပည့်တော်၏ နန်းတော်သို့ ကြွရောက်၍ အလှူခံတော်မူပါဘုရား။ တပည့်တော် ပစ္စည်းလေးပါးတို့ဖြင့် ချီးမြှောက်ပါမည်ဘုရား"

ဟု ဖိတ်မန္တကပြုကာ ရှိခိုးဦးချပြီး ပြန်သွားလေတော့၏။

ကျောင်းတိုက်အတွင်းနေ ပညာမျက်စိရှိကြကုန်သော အရိယာသံဃာတော်တို့က အပြစ်မမြင်ကြသော်လည်း ပညာမျက်စိမရှိကြကုန်သေးသော ထိုပုထုဇဉ် ရဟန်းတို့သည် ကောဏ္ဍဓာနမထေရ်သာမက မင်းကြီးကိုပင် အပြစ်တင်ကြလေကုန်၏။ မထေရ်ကိုလည်း

"ဟယ် သီလမရှိသော ရဟန်းသင်သည်ပင် လူစတုံးသည်မဟုတ်၊ သင့်ကို ကိုးကွယ်သော မင်းလည်း လူစတုံးသောသူဖြစ်ပြီ"

ဟု ဆိုကြကုန်သည်။

"အရင်ကအားကိုးမရှိသော ရဟန်းသည် အများပြောသမျှ ခေါင်းငုံ့ခံခဲ့ရသော်လည်း ယခုအခါ မင်းကြီးအားကိုးဖြင့် ထိုရဟန်းတို့ကို-

"အရှင်ဘုရားတို့သာလျှင် မိန်းမနှင့်လှည့်လည်သွားလာသော ရဟန်းလူစတုံးသော ရဟန်း သီလမရှိသော ရဟန်းတို့ဖြစ်ပါ၏"

ဟု ခွန်းတုံ့ပြန်ပြောလေသည်။

မြတ်စွာဘုရားသည် ထိုအကြောင်းကို သိတော်မူ၍ အဓိကရဏ်းပြုသော

ရဟန်းတို့ကို ခေါ်တော်မူစေ၏။

ရှေးဦးစွာ ကောဏ္ဍဓာနမထေရ်ကို "ချစ်သားသင်သည် ရဟန်းတို့ကို ရန်တွေ့စကားပြောဆိုသည်မှာ မှန်ပါသလား" ဟု မေးလေ၏။

"မှန်ပါသည်ဘုရား"

"အဘယ်ကြောင့်ပြောဆိုသနည်း"

"ထိုရဟန်းတို့က အလျင်အစပြောဆိုသောကြောင့်သာလျှင် ခွန်းတုံ့ပြန်ပြောဆိုခြင်း ဖြစ်ပါသည်ဘုရား"

ဟု လျှောက်ထားသည်။

တစ်ဖန်မြတ်စွာဘုရားသည် မထေရ်နှင့်အချင်းများကြကုန်သော ရဟန်းတို့အား-

"အဘယ်ကြောင့် ထိုမထေရ်ကို ပြောကြားကြလေကုန်သနည်း"

ဟု မေးလေသည်။

"မြတ်စွာဘုရား ကောဏ္ဍဓာန မထေရ် နောက်တွင် မိန်းမတစ်ယောက် လိုက်နေသည်ကို မြင်ရသောကြောင့် ပြောဆိုကြပါသည်ဘုရား"

ဟု လျှောက်ထားကြသည်။

ထိုအခါမြတ်စွာဘုရားက ကောဏ္ဍဓာန မထေရ်ကို

"ချစ်သား ဤရဟန်းတို့က သင်နှင့်အတူ မိန်းမတစ်ယောက်လိုက်နေသည်ကို မြင်ရသောကြောင့် ပြောဆိုကြသည်။ သင်က သူတို့ကဲ့သို့ မမြင်ရပါပဲနှင့် အဘယ်ကြောင့် ခွန်းတုံ့ပြန်ရန်ဖြစ်ရသနည်း။ သင်သည် ရှေးဘဝက ယုတ်မာသောအယူကို မှီ၍ပြုခဲ့သော အကုသိုလ်ကံစေတနာကြောင့် မိန်းမယောင်ရုပ်သည် သင့်နောက်တွင် အရိပ်ပမာ မခွဲခွါပဲလိုက်၍ နောက်ယှက်နေရခြင်းဖြစ်သည်"

ဟု မိန့်ကြားသည်။

"တပည့်တော်၏ အတိတ်က ပြုမှားသောအကုသိုလ်ကံအား အဘယ်ပါနည်းဘုရား၊ အများသိရအောင် အတိတ်ဆောင်၍ မိန့်ကြားတော်မူပါဘုရား"

ဟု လျှောက်ထားမေးမြန်းသည်။

"ချစ်သားတို့--- ငါ၏နောင်တော် ကဿပမြတ်စွာဘုရားသာသနာရှိစဉ်အခါက ဤကောဏ္ဍဓာန မထေရ်လောင်းသည် နတ်သားတစ်ယောက်ဖြစ်ခဲ့လေသည်။ သူသည် မိုက်မဲတွေဝေသည့် အဖြစ်ကြောင့် တောကျောင်းနေရဟန်းနှစ်ပါး အချင်းချင်း အလွန်ချစ်ခင်ညီညွတ်မှုကို စိတ်ဝမ်းကွဲပြားအောင် ပြုမူလိုစိတ် ဖြစ်ပေါ်ခဲ့သည်။

တစ်နေ့သ၌ ထိုရဟန်းနှစ်ပါးတို့သည် ဥပုသ်ပြုခြင်းအကျိုးငှါ မိမိတို့နေထိုင်ရာ တောကျောင်းမှ သံဃာအများစည်းဝေးညီမူရာ ဥပုသ်အိမ်သိမ်ရှိရာကျောင်းတိုက်သို့ ရှေးရှု

ထွက်လာခဲ့ကြသည်။ လမ်းခုလပ် ခြုံကွယ် တစ်နေရာအရောက်တွင် တစ်ဦးသောရဟန်းက ကျန်ရဟန်းကို -

"ငါ့ရှင် ခေတ္တတစ်ခဏမျှ စောင့်နေပါဦး ကိုယ်လက်သုတ်သင်ပါရစေ"

ဟု ဆိုကာ ချုံတစ်ခုအတွင်းသို့ ဝင်သွားလေသည်။

"ထိုရဟန်းကိုယ်လက် သုတ်သင်ခြင်း ကိစ္စပြီး၍ ပြန်ထွက်လာသောအခါ ကောဏ္ဍဓာနမထေရ်လောင်း နတ်သားသည် မိန်းမငယ်တစ်ယောက် အသွင်ဆောင်ကာ မထေရ်၏နောက်မှ ကပ်လျက် ခါးဝတ်ထောင့်စွန်းကို ဆွဲပြီး ကျန်တစ်ဖက်ဖြင့် အကျီရင်လွှမ်းကို ဖုံးကာ ဆံပင်ဖိုးယိုး ဖားယားမဖွယ်မရာ အမူအယာဖြင့် ရှေ့မှ စောင့်ဆိုင်းသော ရဟန်းမြင်သာအောင် ပြလေသည်။ ထို့နောက် ချုံကွယ်သို့ပြန်ဝင်ကာ ပျောက်ကွယ်သွားခဲ့သည်။ အလေးအခင်းသွားသော ရဟန်းကတော့ဖြင့် မသိမမြင်ရှာပေ"

ထိုအဖြစ်အပျက်ကို မြင်သောရှေ့မှ စောင့်ဆိုင်းသော ရဟန်းသည် ကိုယ်လက်သုတ်သင်သော ရဟန်းအနီးသို့ ရောက်သော်

"ငါ့ရှင်သင်သည် သီလပျက်ခဲ့လေပြီ"

ဟုဆိုလေသည်။

"ငါ့ရှင်အဘယ်ကြောင့် စွပ်စွဲရသနည်း၊ တပည့်တော်သီလမပျက်ပါဘုရား"

"ယခုပင်လျှင် သင်၏နောက်၌ မဖွယ်မရာနှင့် မိန်းမပျိုတစ်ဦးကို ငါမြင်ရ၏။ အဘယ်ကြောင့် သင်က သီလမပျက်ဟု ပြောဆိုရလေသနည်း"

"ငါ့ရှင် ငါ့အား မဖျက်ဆီးပါနှင့် ဤသို့သီလပျက်ခြင်းဟူသည် ငါ့အားမရှိပါ"

"ငါသည် မျက်မြင်ဒိဋ္ဌဖြစ်၍ သင့်အား မယုံပါ"

ဤသို့ဖြင့် အချင်းချင်း ချစ်ခင်ညီညွတ်နေသော ရဟန်းနှစ်ပါးစိတ်ဝမ်းကွဲပြားကြလေတော့သည်။

ဥပုသ်အိမ်သစ်သို့ ရောက်သော် ထိုရဟန်းနှစ်ပါးတို့ ဥပုသ်အတူတကွ မပြုလိုကြသည်ကို မြင်ရသော နတ်သားသည်-

"ငါသည် ဝန်လေးသောအမှုကို ပြုမိပေပြီ"

ဟု သတိဝင်ကာ တောင်းပန်လိုစိတ်ပေါ်လာလေ၏။ ထို့နောက် ရဟန်းနှစ်ပါးရှေးသို့ ကိုယ်ထင်ပြကာ

"အရှင်မြတ်ဘုရား ဤရဟန်း၌ သီလမပျက်ပါဘုရား၊ အရှင်မြတ်နှစ်ပါး ချစ်ခင်ညီညွတ်နေသည်ကို မြင်ရ၍ စုံစမ်း

လိုသောစိတ်ဖြင့် ဤအပြုအမူကို တပည့်တော် ပြုမိပါသည်။ သံဃာကင်းစွာ ဥပုသ်အတူပြု တော်မူကြပါဘုရား"

ဟု တောင်းပန်လျှောက်ထားလေသည်။

ရဟန်းနှစ်ပါးသည် နတ်သား ကိုယ်တိုင် လျှောက်ထားတောင်းပန်သဖြင့် သံဃာတော်တို့နှင့်အတူ သံဃာကင်းစွာ ဥပုသ်အတူပြုကြလေသည်။ သို့သော်လည်း တစ်ဦးနှင့်တစ်ဦး ချစ်ခင်သောစိတ်သည် ရှေးကကဲ့သို့ မနူးညံ့ကြတော့ပေ"

"ချစ်သား ရဟန်းတို့ ကောဏ္ဍာဓာနမထေရ် ရှေးနတ်ဖြစ်စဉ်က ပြုမှားသောကံက ဤမျှသာတည်း"

ဟု မိန့်ကြားသည်။

ထို့နောက် ကောဏ္ဍာဓာနမထေရ်ကို-

"ချစ်သား သင်သည် ရှေးဘဝက ပြုမှားသော အကုသိုလ်ကံစေတနာကြောင့် ထိုနတ်သားဘဝမှ စုတေသည်၏ အခြားမဲ့၌ အဝီစိငရဲမှာကျခဲ့ရသည်။ ဘုရားရှင်နှစ်ဆူတို့၏ အကြားကာလပတ်လုံးအဝီစိငရဲမှာ ကျပြီးမှ ယခုအခါ ငါဘုရားသာသနာခေတ်၌ သာဝတ္ထိမှာ လူလာဖြစ်ရခြင်းဖြစ်သည်။

အရွယ်ရောက်သည်ရှိသော် အခွင့်အားလျော်စွာ ငါဘုရား၏သာသနာတော်သို့ ရောက်ခဲ့လေသည်။ သာသနာ့ဘောင်ရောက်ပြီး ရဟန်းဖြစ်သည့်အချိန်မှစ၍ သင်၏နောက်တွင် မိန်းမငယ်ပုံရိပ်သည် အရိပ်ပမာ မခွဲမခွါပဲ လိုက်ပါနေခြင်းဖြစ်သည်။ ဤသို့ ဖြစ်ရခြင်းမှာ အတိတ်ကပြုမှားခဲ့သော သင်၏ အကုသိုလ်ကံစေတနာက ကမ္မသတ္တိအဖြစ် အကျိုးပေးနေခြင်းဖြစ်သည်။ ယခုအခါ သင့်အားတစ်ဖန် ထိုသို့ယုတ်မာသောအယူကို ယူခြင်းငှါ မသင့်ပေ။ တစ်ဖန် ရဟန်းတို့နှင့် အတူတကွ တစ်စုံတစ်ခုသော ကြမ်းတမ်းသော စကားကို အပြန်အလှန်မပြော ဆိုလေနှင့် ချစ်သား။ အနားပြတ်၍ ကွဲအက်နေသော ကြေးမောင်းခွက်ကဲ့သို့ ကြမ်းတမ်းသော အသံမထွက်အောင် နေနိုင်ရမည်။ ဤသို့နေသည်ရှိသော် သင်ချစ်သားသည် နိဗ္ဗာန်ကို ရှေးရှုသွားသောသူမည်ပေလိမ့်မည်"

ဟု ဟောကြားဆုံးမတော်မူလိုက်သည်။

ဤသာဓကကို ထောက်ဆခြင်းဖြင့် အကုသိုလ်ကံတရားသည် မိမိပြုမှားခဲ့သော ကံအားလျော်စွာ အရိပ်ပမာလိုက်၍ မကောင်းကျိုးကို ပေးနေသည်။ လူပဲ, နတ်ပဲ, ရဟန်းပဲ, သတ္တဝါပဲရယ်လို့ မခွဲခြားပဲ အကျိုးပေးတတ်ပါလားဟု သံဝေဂယူကာ အကုသိုလ်တရားများကို ရှောင်ရှားနိုင်ကြပြီး ကုသိုလ်တရားများကို ကြိုးစား၍ တိုးပွားအောင်ဆောင်ရွက်နိုင်ကြစေရန် စိတ်ရည်သန်ကာ တင်ပြလိုက်ရပေသည်။ အကုသိုလ်ရှောင်နိုင်၍ ကုသိုလ်ဆောင်နိုင်ကြပါစေ။

အရှင်ပညာနန္ဒ(ထုံးဘို)

# တောင်တန်းသာသနာပြုဆိုရာဝယ် အပိုင်း (၂)

ပြည့်သခင်

**တောင်တန်းသာသနာပြု၏ အဓိပ္ပါယ်**

'တောင်တန်းသာသနာပြု' ဟူသော ဝေါဟာရကို လူတိုင်းနားလည်အောင် တိုက်ရိုက် စကားလုံး ဖလှယ်ရလျှင် 'ကိုယ်ကျိုးစွန့်အနစ်နာခံခြင်း' ဟု ဆိုချင်၏။ မှန်ပါ၏။ ကိုယ်ကျိုးစွန့်၍ အနစ်နာ မခံနိုင်ပါဘဲလျက် အခြားမည်သည့်နည်းနှင့်မှ တောင်တန်းသာသနာပြုလုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်နိုင်မည် မဟုတ်ချေ။ ထို့ကြောင့် တကယ့် တောင်တန်းသာသနာပြုအာဇာနည် ပုဂ္ဂိုလ်ကြီးများက ကိုယ်ကျိုးစွန့်အနစ်နာခံ၍ သာသနာပြု တော်မူကြခြင်းဖြစ်ပါ၏။

**ပြန်လည်သုံးသပ်သင့်နေပြီ**

တောင်တန်းသာသနာပြု လုပ်ငန်းကြီး တည်ရှိလာခဲ့သည်မှာ ယခုဆို အချိန်ကာလအားဖြင့် အနည်းဆုံး ဆယ်စုနှစ်(၂)ခုကို ကျော်လွန်လာခဲ့ပြီဖြစ်၏ ဒါသည် ဆရာတော် ဦးကွာပိန္ဒတို့လက်ထက်ကို ချွန်လုပ်၍ တင်ပြထားခြင်းမျှသာဖြစ်ပါ၏။ ဤကဲ့သို့ နှစ်ပေါင်းများစွာ လျှောက်လာခဲ့သည့် ခရီးက ယနေ့အထိ မနီးသေးသည့်အပြင် ကမ်းမမြင်လမ်းမမြင်အခြေအနေဆိုတော့လည်း စဉ်းစားသင့်သည်များ ပြန်လည်သုံးသပ်သင့်သည်များ ရှိနေပြီလားဟု ဆင်ခြင်မိပါ၏။

**တောင်ပေါ်မှာ ဘယ်သူတွေ သာသနာပြုနေကြသလဲ**

ယခုအခါ တောင်တန်းဒေသများတွင် သာသနာပြုပုဂ္ဂိုလ်ပေါင်းရာနှင့် ချီကာ သာသနာပြုလျက်ရှိ၏။ ထိုသာသနာပြုပုဂ္ဂိုလ်များထဲတွင် တာဝန်အရ လာကြသည်များလည်း ရှိ၏။ ဝါသနာနှင့်စေတနာအရ လာကြသည်များလည်း ရှိ၏။ တာဝန်ကို အရင်းတည်ကာ ဝါသနာ၊ စေတနာတို့ဖြင့် မွမ်းမံလျက် အနစ်နာပါခံ၍ ရွပ်ရွပ်ချွံချွံ သာသနာပြုပုဂ္ဂိုလ်များလည်း ရှိပါ၏။ အခြားသော အကြောင်းများကြောင့် ရောက်လာကြသည်များလည်း ရှိ၏။ ထို့ပြင်

အားမနာတမ်းဝေဖန်ရလျှင် ကိုယ်ကျိုးရှာ အမြတ်ထုတ်ချင်သူများလည်း ကြိုကြား ကြိုကြား ရောနှောပါဝင်နေပါသေး၏။ သို့ရာတွင် ထိုကဲ့သို့ အကြောင်းအမျိုးမျိုး ဦးတည်ချက်အသွယ်သွယ်ဖြင့် ရောက်ရှိလာကြသူအားလုံးတို့သည် 'တောင်တန်းသာသနာပြု' ဟူသော အမည်နာမ၏ အောက်၌သာ တညီတညွတ်တည်း ခိုလှုံလျက်ရှိကြ၏။ သို့ဖြစ်၍ မည်သို့ပင်ဆိုစေကာမူ အဆိုပါပုဂ္ဂိုလ်အားလုံးတို့သည် တောင်တန်းနယ်ခြား သာသနာပြုပုဂ္ဂိုလ်ကြီးများပင် ဖြစ်ကြပါ၏။

**အစွန်းနှစ်ဖက်အကြား၌ ပျောက်ကွယ်နေသော အောင်မြင်မှုပန်းတိုင်**

တောင်ပေါ်သို့ သာသနာပြုကြွရင်း အသက်ပျောက်သွားသူများ ရှိ၏။ ဘဝဖောက်သွားသူ(သို့မဟုတ်) ဘဝကောက်သွားသူများလည်း ရှိ၏။ ထို့ပြင် သုံး၍မကုန် ဖြုန်း၍မခမ်း ချမ်းသာသွားကြသူများလည်း ရှိပါ၏။ သို့ရာတွင် ထိုအသာစံခြင်းနှင့် အနာခံခြင်း ဟူသော အစွန်းနှစ်ဖက်၏ အလှမ်းကွာဝေးမှု အလယ်၌ လစ်လပ်နေသည်က တောင်တန်းသာသနာပြုလုပ်ငန်းကြီး၏ အောင်မြင်မှုပန်းတိုင်ဖြစ်၏။ ယနေ့အချိန် ၂၀၁၆-ခုနှစ်အထိ အချို့သော သာသနာပြုဌာနရှိ ဆရာတော်လေးများခမျာ ကိုယ်သီတင်းသုံးဖို့ရာ ကျောင်းဆောင်ကို ကိုယ်တိုင်တည်ဆောက်ရန် ကြိုးပမ်းနေကြရရှာပါ၏။ ကျောင်းဆောင်ဆောက်ရင်းလက်စတွင်ပင် တာဝန်ချိန်ကုန်ဆုံးကာ ပြန်ကြွဖို့ရန် အချိန်တန်၍ ပြန်ကြွနေကြရသည့်အတွက် ဆရာတော်လေးများ၏ လွန်စွာတန်ဘိုးကြီးသော သာသနာပြုလုပ်ငန်း စွမ်းရည်များကို တောင်တန်းသူ/တောင်တန်းသားများမှ လက်လွှတ်ဆုံးရှုံးလိုက်ကြရသည်က များပါ၏။

**ဂျာအေးကို သူ့အမေရိုက်သလို ပြုနေကြရတဲ့ သာသနာ**

တောင်တန်းပေါ်တွင် ရေကန်အသင့်ကြာအသင့်ဆိုသည့် အခြေအနေမျိုးသည် စိတ်ကူးယဉ်ဆန်လွန်းလှပါ၏။ သို့သော် လွန်ခဲ့သော ဆယ်စုနှစ်များတွင်လည်း ရေကန်တူးခဲ့၊ ယခုအချိန်တွင်လည်း ရေကန်တူးဆဲ၊ နောင်လည်း ဘယ်အချန်အထိ

တူးနေရဦးမည်လဲ မသိဆိုသည့်ကိစ္စမျိုးသည်ကား မစဉ်းစား၍ မဖြစ်သော ပြဿနာတစ်ရပ်ဖြစ်၍လာပါ၏။ မစဉ်းစားပါက ကြာပေါက်ချိန်သည် ဝေးသည်ထက် ဝေးနေလိမ့်ဦးမည်သာ။ ထို့ကြောင့် ရေကန်နှင့်တူသော အဆောက်အဦးများကို တည်ဆောက်ကြရန်မှာ (၂)နှစ်တာ သာသနာပြုကြွတော်မူကြသည့် ဆရာတော်လေးများ၏ တာဝန်မဟုတ်။ သာသနာပြုဥသျှောင် ရှေ့တန်းတိုက်စစ်မှူးကြီးများက ဆောင်ရွက်ပေးသင့်သော ကိစ္စဖြစ်ပါသည်။ ယခုအခါ ရှေ့တန်းတိုက်စစ်မှူးကြီးများက တောင်ပေါ်မှာဘုရားတည်၊ မြေပြန့်ဆင်းကျောင်းဝယ်လုပ်နေကြသည့်အချိန်တွင် နောက်တက်ဆရာတော်လေးများခမျာ နေစရာမရှိ။ နေစရာမရှိ၍ တဲထိုး။ ထိုးသည့်တဲက သူ့တာဝန်ပြီးဆုံးသည့်အခါ ပြိုကျ၊ နောက်တစ်ပါးအလှည့်တွင် တဲအသစ် ပြန်ထိုး။ ဤသို့ဖြင့် တောင်တန်းသာသနာပြုလုပ်ငန်းကြီးမှာ ဂျာအေး သူ့အမေရိုက်သကဲ့ သို့ပင် ယခုအထိရှိနေပါသေး၏။ နှစ်ပေါင်းများစွာ။

**တောင်တန်းသာသနာပြုထောက်ပံ့ရေးများ**

မြန်မာနိုင်ငံတွင် တောင်တန်းသာသနာပြုထောက်ပံ့ရေးအသင်းအဖွဲ့များ အလုံအလောက်မဟုတ်သည့်တိုင် အတိုင်းအတာတစ်ခုအထိ ရှိပါ၏။ ထိုထို အသင်းအဖွဲ့များအနေဖြင့် မိမိတို့လှူဒါန်းထောက်ပံ့မည့် တောင်တန်း နယ်တစ်ကြောကို နောကျေအောင်လေ့လာပြီးမှ အမှန်တကယ် ဒေသနှင့် ကိုက်ညီမည့် အလုပ်ကို ထိုက်ထိုက်တန်တန်ပြုလုပ်သင့်ပါ၏။ ဒေသ၏ အခြေအနေကိုနားမလည်၊ ဒေသ၏အထာကိုလည်း တီးမိခေါက်မိ မရှိဘဲ၊ ပြီးပြီးရော ပြုလုပ်မည်ဆိုပါက ခုတ်ရာတစ်ခြား ရှရာတလွဲ ဖြစ်နေမည်သာ ဖြစ်ပါ၏။ လှူရကျိုးနပ် စေချင်ပါ၏။ အပင်ပန်းခံရ ကျိုးနပ်စေချင်ပါ၏။ ထိုက်ထိုက်တန်တန် လေးလေးမြတ်မြတ်သာစုအနုမောဒနာ ခေါ်ဆိုလိုပါ၏။

ဤနေရာတွင် အလျှဉ်းသင့်သဖြင့် အတွေ့အကြုံတစ်ခုကို တင်ပြလိုပါ၏။ ဆရာတော်တစ်ပါးဦးဆောင်သည့် တောင်တန်းသာသနာပြုထောက်ပံ့ရေးအဖွဲ့ တစ်ဖွဲ့သည် လွန်ခဲ့သောနှစ်က ချင်းတောင်သို့ ရောက်ရှိလာခဲ့၏။ ထို့နောက် မြို့ပေါ်ရှိ မူလတန်းအဆင့်ကလေးငယ်များအားလုံးကို ဖိတ်ခေါ်

စုရုံးစေကာ အစားအသောက်နှင့်အဝတ်အထည်များကို ပေးဝေလှူဒါန်း၍ သုံးဆယ်တစ်ဘုံသံသရာစက်ဝိုင်းအတွင်း သတ္တဝါအများကျင်လည်ကြရပုံနှင့် ထွက်မြောက်ရာထွက်မြောက်ကြောင်း တရားများကို ဗီနိုင်းဆိုင်းဘုတ်ထောင်ကာ ဟောပြောပို့ချ၏။ ဓာတ်ပုံနှင့် ဗီဒီယို မှတ်တမ်းတင်၏။ သို့သော် ထိုဘာသာခြား ကလေးငယ်လေးများမှာ ဗမာစကားကို ထမင်းစားရေသောက်ပင် နားမလည်ကြကြောင်း အဆိုပါထောက်ပံ့ရေးအဖွဲ့ကြီး ယနေ့အထိ သိကြလိမ့်မည်မထင်ပါပေ။ ဤကဲ့သို့သော အတွေ့အကြုံများကို အကြောင်းပြု၍ တောင်တန်းသာသနာပြုထောက်ပံ့ရေးကို အလေးဂရုပြုတော်မူကြကုန်သော ဆရာတော်ဘုရားများထဲမှ အချို့ကို လျှောက်ထားလိုပါ၏။

'ဆရာတော်တို့ဘုရား၊ ဘွဲ့လျှောက်သည့်အချိန်နှင့် အလှူခံသည့်အချိန်မှလွဲ၍ အခြားမည်သည့်နေရာတွင်မှ အသုံးမကျသည့် ဘာသာခြားများကို ဟောပြောဆုံးမ ချေချွတ်နေသည့်ဟန်၊ ဓာတ်ပုံမှတ်တမ်း ဗီဒီယိုမှတ်တမ်းများ ရရှိရေးအတွက် ကျပ်သိန်းပေါင်းများစွာ အကုန်အကျခံမည့်အစား တောင်တန်းဒေသရှိ အချို့သော နေရာများတွင် မနိုင်ဝန်ထမ်းနေကြရသည့် ဦးဇင်းငယ်လေးများအတွက် ကျောင်းဆောင်ကလေးများကို ထည်ထည်ဝါဝါခန့်ခန့် ငြားငြားဖြစ်ဖြစ်အောင် တည်ဆောက်လှူဒါန်းပေးမည်ဆိုလျှင် ပိုမကောင်းပါလားဘုရား' ဟူ၍ပင်။

လျှောက်လည်း လျှောက်ချင်၏။

လျှောက်လည်း မလျှောက်ရဲ။

အချို့သော သာ/ပြု ထောက်ပံ့အဖွဲ့အစည်းများမှာ သာသနာပြုဆရာတော်သံဃာတော်များထံ လှူဒါန်းထောက်ပံ့ကြပါ၏။ သို့ရာတွင်လည်း မတီးငါးကျပ်၊ တီးငါးကျပ် ဟူသော သဘောမျိုးဖြင့် ထောက်ပံ့ကြသည်ကသာ များလေ၏။ ပရိသတ်များသည် ကျောင်း၊ တကယ်လုပ်နေသည့် ကျောင်းလည်း ဒီဝေစု။ ပရိသတ်မရှိသည့်ကျောင်း၊ တစ်ပါးတည်းနေသည့် ကျောင်း၊ ဘာအလုပ်မလုပ်သည့်ကျောင်းလည်း ဒီဝေစု၊ တစ်ခါတစ်ရံ မနေဘဲ ဝေစုရသည်ကပင် ရှိနေတတ်ပါသေး၏။

သို့ဖြစ်၍ သာ/ပြုထောက်ပံ့အသင်း

အဖွဲ့များကို မေတ္တာရပ်ခံလျှောက်ထားလိုသည်မှာ- 'အလှူခံတစ်ကျိတ်လေး၊ ခွေးတောင်မှ ပါသေးသည်ဆိုသော်လည်း တောင်တန်းဒေသ သာသနာတော်အတွက် အမှန်တကယ် အထောက်အပံ့ ဖြစ်စေချင်သည်ဆိုပါက 'ဒါနံ ဝိစေယျ ဒါတဗ္ဗံ'ဟူသော ဒေသနာတော်ကိုပါ နှလုံးမူသင့်ပါသည်' ဟူ၍ပင် ဖြစ်ပါ၏။ (ဤစကားမျိုးသည် မိမိကိုယ်တိုင် သာ/ပြုဘ၀ မဟုတ်သောကြောင့်သာ ပြောရဲခြင်းဖြစ်ပါ၏။ သာ/ပြုဘ၀ဆိုလျှင် အထင်လွဲခြင်းပင် ခံရနိုင်ပါ၏။)

**တောင်တန်းသာသနာပြုလုပ်ငန်း၏ ပန်းတိုင်**

တောင်တန်းသာသနာပြု လုပ်ငန်းကြီး၏ ပင်မပန်းတိုင်သည် ဘာသာခြား ဖြစ်နေသည့် တိုင်းရင်းသား ညီအစ်ကိုမောင်နှမများနှင့် ရင်သွေးငယ်များကို ဗုဒ္ဓဓမ္မနှင့် ထိတွေ့မှုရှိလာအောင် ဆောင်ရွက်ရေးဖြစ်၏။ အခြေအရံပန်းတိုင်အနေဖြင့် တောင်တန်းရောက် ဗုဒ္ဓဘာသာဝင်များ အခြားဘာသာဝင်ဖြစ်မသွားစေရေးဖြစ်၏။ ထို့ပြင် လုပ်ငန်းလိုအပ်ချက်အရ မဖြစ်မနေ ထည့်သွင်းရေတွက်သင့်သည့် ပန်းတိုင်တစ်ခုလည်း ရှိပါသေး၏။ ယင်းမှာ သာသနာပြုပုဂ္ဂိုလ်အချင်းချင်း သင့်မြတ်ရေးပန်းတိုင်ဖြစ်၏။ ယခုအခါ အဘယ်ပန်းတိုင်၊ အဘယ်အဆင့်သို့ ချဉ်းနင်းဝင်ရောက် နေပြီဆိုသည်ကို တကယ်လုပ်နေသူများက သိကြပါ၏။

**တောင်တန်းသာသနာပြုဆိုရာဝယ်**

နိဂုံးချုပ်အနေဖြင့်ဆိုရလျှင် တောင်တန်းသာသနာပြုဟု ဆိုကြရာဝယ် မိမိတို့၏ လုပ်ငန်းလမ်းစဉ်အတိုင်း ကိုယ်ကျိုးစွန့် အနစ်နာခံမှုများဖြင့် သာသနာပြုအချင်းချင်း ကူညီဖေးမသင့်သူကို ဖေးမ။ နေရာပေးသင့်သူကို နေရာပေး။ ဖယ်ထုတ်သင့်သူကိုလည်း ဒီမိုကရေစီနည်းကျကျ ဖယ်ထုတ်၍ သာ/ပြုအထောက်အပံ့များကို စံနစ်တကျ စီမံခန့်ခွဲကာ ထောက်ပြဝေဖန်မှုများကို ကြိုဆိုပြီး ရည်ရွယ်ရင်းပန်းတိုင်သို့ မရောက်မချင်း ဦးလည်မသုံ ချီတက်သင့်ပါကြောင်း။

ပြည့်သခင်

# သဘာဝပတ်ဝန်းကျင်အပေါ် သည်းခံနိုင်မှု၊ သည်းခံတတ်မှု ခန္တီစ သုတေသနအပိုင်း (၁)

B.Ed မိုင်းညို (မာန်အောင်)

လူသားသည် မွေးဖွားလာသည်နှင့် တစ်ပြိုင်နက် ဗုဒ္ဓမြတ်စွာအလိုတော်အရ ပတ်ဝန်းကျင်လောကသုံးမျိုးနှင့် ကြုံရ၊ ဆုံရမည်ဖြစ်၏။ ယင်းလောကပတ်ဝန်းကျင် သုံးမျိုးမှာ-

၁။ သတ္တလောက သတ္တဝါအမျိုးမျိုး ပတ်ဝန်းကျင်၊ ၂။ သင်္ခါရလောက မိမိခန္ဓာပေါ်၌ ဖြစ်ပျက်လျက် မိမိနှင့်အနီးစပ်ဆုံးအားဖြင့် ဖြစ်တည်နေသော နာမ်လောက ပတ်ဝန်းကျင်၊ ရုပ်ပိုင်းဆိုင်ရာ ရုပ်လောက ပတ်ဝန်းကျင်၊ ၃။ ဩကာသလောက- သတ္တဝါအားလုံးတည်ရာ၊ နေရာ၊ ဘုံ၊ ဌာန ဟူသော သဘာဝလောကပတ်ဝန်းကျင် တို့ပင်တည်း။

သည်းခံနိုင်မှု၊ သည်းခံတတ်မှု၊ ခန္တီစကို သုတေသနပြုရာတွင် (နံပါတ်တစ်) သတ္တလောကပတ်ဝန်းကျင်မှာမှု "သူတစ်ပါးကိုသည်းခံနိုင်မှု၊ သည်းခံတတ်မှု" နှင့် သက်ဆိုင်ပြီး (နံပါတ်နှစ်) သင်္ခါရလောက ပတ်ဝန်းကျင်မှာမှုကား "မိမိကိုယ်ကို သည်းခံနိုင်မှု၊ သည်းခံတတ်မှု"နှင့် သက်ဆိုင်နေပါမည်။ (နံပါတ်သုံး) ဩကာသလောက ပတ်ဝန်းကျင်မှု "သဘာဝပတ်ဝန်းကျင်အပေါ် သည်းခံနိုင်မှု၊ သည်းခံတတ်မှု" နှင့် သက်ဆိုင်နေပေမည်။

ဤသို့ဆိုလျှင် ကျွန်ုပ်တို့အဖို့ "သဘာဝလောကပတ်ဝန်းကျင်" ၏ သဘော၊ သဘာဝ၊ ဓမ္မတာကို စီစစ်၊ ဝေဖန်၊ ပိုင်းခြား၊ သတ်မှတ်၊ ခွဲခြမ်း၊ စိတ်ဖြာဖို့ လိုမည်ဖြစ်၏။

သဘာဝလောကပတ်ဝန်းကျင်တွင် အပူနှင့်အအေး၊ အမြင့်နှင့်အနိမ့်၊ ညီညာမှုနှင့် မညီညာမှု၊ စိတ်နှလုံးမွေ့လျော်ဖွယ်နှင့်ငြီးငွေ့ဖွယ်၊ အစိုနှင့်အခြောက် စသည်ဖြင့် ပုံစံအမျိုးမျိုးကို တွေ့ရမည်ဖြစ်၏။ ဥပမာအားဖြင့် နွေအခါ ပူ၍ ဆောင်း၊ မိုးအချိန်အေးမည်။ တောင်ကြီးသည်မြင့်၍ ချိုင့်ဝှမ်းသည် နိမ့်မည်။ အချို့မြေအမြင်မှာ ညီညာကြပြီး၊ အချို့မှာ မညီမညာရှိမည်။ အချို့နေရာ၌ စိတ်နှလုံးပျော်မွေ့ဖွယ်ဖြစ်၍ အချို့နေရာ၌ ငြီးငွေ့ဖွယ်ကောင်းမည်။ အချို့ဒေသ၌ ခြောက်သွေ့ပြီး၊ အချို့ဒေသ၌ စိုစွတ်မည်။ အချို့ဒေသမှာ

ပိုးကောင်၊ နံ့ကောင်များရှိ၊ ပေါပြီး၊ အချို့ဒေသမှာ မရှိ၊ နည်းပါးမည်။ စသည် စသည်ဖြင့် သဘာဝအားဖြင့် တည်ရှိနေပုံ အမျိုးမျိုးကိုတွေ့ကြုံခံစားရမည်ဖြစ်၏။ ထိုထိုသဘာဝဆောင်ဒေသအသီးသီး၌ နေထိုင်သူများအားလုံးမှာ သဘာဝက ပေးသော ကောင်းကျိုးချမ်းသာ၊ မကောင်းကျိုး၊ ဆိုးကျိုးဒုက္ခများနှင့်ရင်ဆိုင်တွေ့ကြုံရမည်ဖြစ်၏။ ထိုသို့ သဘာဝသုခ၊ ဒုက္ခများနှင့်ရင်ဆိုင်တွေ့ကြုံရချိန်တွင် ကာကွယ်တတ်ဖို့နှင့် ကာကွယ်၍ မရနိုင်ခြေတွင် နှလုံးသွင်း၊ စိတ်ထားတတ်ဖို့ရာမှာ လွန်စွာပင် အရေးကြီးကြောင်း၊ နှလုံးသွင်း၊ စိတ်ထားကောင်းခြင်းဖြင့် နိဗ္ဗာန်ထိပေါက်ရောက်နိုင်ကြောင်း၊ ဗုဒ္ဓမြတ်စွာဘုရားရှင်သည် သဗ္ဗာသဝသုတ်တော်၊ မူလပဏ္ဏာသတွင် ဟောကြားတော်မူခဲ့ပေသည်။

သဗ္ဗာသဝသုတ်တော်တွင် အဓိဝါသန ပဟာတဗ္ဗအာသဝကထာ၌ သဘာဝပတ်ဝန်းကျင်ကို "သီတဿ၊ ဥဏှဿ၊ ဍံသမကသ ဝါတာတပ သရီသပသမ္ဖဿာနံ ပဋိသင်္ခါ ယောနိသောခမောဟောတိ" အအေး၊ အပူ၊ မှက်၊ ခြင်၊ ယင်၊ လေ၊ နေပူ၊ မြွေ၊ ကင်းစသည်တို့၏ အတွေ့အထိကို ပညာဖြင့် ဆင်ခြင်သည်းခံတတ်ခြင်း" ဟု ဟောတော်မူပေသည်။

လောကမျက်မြင်၌ သတ္တဝါတို့ ဆန္ဒမှာ ပူလွန်းလျှင်အေးလွန်းသည့်နေရာသို့၊ အေးလွန်းလျှင်ပူသည့်နေရာသို့၊ လေတိုက်လျှင် လေမတိုက်သည့်နေရာသို့ နေပူလျှင် နေရိပ်သို့၊ ခြင်ကိုက်လျှင် ခြင်မကိုက်သည့် အကာအကွယ်သို့၊ ပိုးကောင်းမွှားကောင်ရှိလျှင် မရှိသောနေရာသို့ စိတ်ညွတ် ပြောင်းရွှေ့ကာကွယ်နေထိုင်တတ်ကြရိုးပေတည်း။ ဤသို့ မိမိပတ်ဝန်းကျင်သဘာဝလောကက သူ့သဘော၊ သူဆောင်ထိတွေ့လာချိန်တွင် အအေးကို တွေ့သော် အပူကို တောင်းတမနေခြင်းဖြင့် ကာမာသဝကိုပယ်နိုင်ခြင်း၊ အပူအအေးစသည် မရှိသောနေရာကို မတမ်းတခြင်းဖြင့် ဘဝါသဝကို ပယ်နိုင်ခြင်း၊ ငါ့အားအအေး၊ အပူတွေ့ထိသည်ဟု မယူခြင်းဖြင့် ဒိဋ္ဌါသဝ ပယ်နိုင်ခြင်း၊ ထို့ပြင် အထက်ပါအာသဝဝေါ တရားသုံးမျိုးကို ပယ်သဖြင့် အဝိဇ္ဇာသဝကို ပယ်သတ်နိုင်ခြင်းဟူသော အကျိုးထူး ရလာဒ်များ "ခန္တီမေတ္တာနှလုံးသွင်း" ဖြင့် ရရှိနိုင်ကြောင်း ဟောတော်မူခဲ့ပေသည်။

ဖတ်ပြီးစဉ်းစားရန်

၁။ သဘာဝပတ်ဝန်းကျင်အမျိုးမျိုးကို စဉ်းစားကြည့်ပါ။

၂။ သဘာဝမှသည်းခံခြင်းဖြင့် နိဗ္ဗာန်နှင့် နီးနိုင်ကြောင်း စဉ်းစားကြည့်ပါ။

**ဓိနသာသနံ စိရံ တိဋ္ဌတု**

**B.Ed မိုင်းညို(မာန်အောင်)**



ဗာရာဏသီပြည်တွင် ဗြဟ္မဒတ်မင်းကြီး မင်းပြုချိန် ဖြစ်သည်။ ဘုရားအလောင်းတော်သည် ဗာရာဏသီနှင့် မနီးမဝေး ရွာငယ်လေးတစ်ရွာတွင် သူကြွယ်မျိုး၌ ဖြစ်လေသည်။

မယားကောင်း မယားမြတ်

# သုဇာတာ

▸တက္ကသိုလ်သျှင်ညီရီ (ဓမ္မာစရိယ ဘီအေ)

▸ပန်းချီတင်ထွန်းထွန်း


ဘုရားလောင်းသူကြွယ် အရွယ်ရောက်သော် ဗာရာဏသီပြည်မှ သုဇာတာ အမည်ရှိ အမျိုးသမီးတစ်ဦးနှင့် မိဘတို့က လက်ထပ်ပေးလေသည်။
သုဇာတာသည် လှပတင့်တယ်၍ ကိုယ်ကျင့်သီလပြည့်စုံကာ မိဘ ယောက္ခမနှင့်လင်သားကို ရိုသေစွာ ပြုစုလုပ်ကျွေး၏။


ဘုရားလောင်းသူကြွယ်နှင့် သုဇာတာသည် သဘောညီတူမျှသော စိတ်ထားရှိကြ၍ တစ်ဦးနှင့်တစ်ဦး အလွန် ချစ်မြတ်နိုးကြသည်။ တစ်နေ့တွင် သုဇာတာက ...သူကြွယ်ကို ပြော၏။
မောင်ကြီးရေ... ကျွန်မ၏ မိဘများကို မတွေ့ရတာ ကြာလို့ တွေ့ချင်ပါတယ်... ဗာရာဏသီကို လိုက်ပို့ပေးပါ...
ကောင်းပါပြီ ရှင်မ


လမ်းခရီးတွင် စားသောက်ရန် ရိက္ခာစီစဉ်၍ လှည်းဖြင့်ထွက်ခဲ့ကြသည်။
ဗာရာဏသီမြို့အနီး ရောက်သောအခါ လှည်းကို ရပ်နားကာ ရေချိုးကိုယ်
လက်သန့်စင်ပြီး ထမင်းစားကြ၏။
ထမင်းစားပြီး ခဏ နားကာ
မြို့တွင်းသို့ ခရီးဆက်ခဲ့ကြ၏။



သုဇာတာသည် လှည်းနောက်မှ
လမ်းလျှောက်လိုက်လာသည်။
မြို့ကို လှည့်လည်လာသော ဗာရာဏာသီမင်းသည် သုဇာတာကို
မြင်သော် တပ်မက်စိတ်ဖြစ်ကာ မင်းချင်းတစ်ယောက်ကို ခေါ်
ပြီး ပိုင်ရှင်လင်ယောကျ်ား ရှိမရှိ စုံစမ်းခိုင်းလေသည်။


ပိုင်ရှင်လင်ယောကျ်ား ရှိကြောင်း သိရလျှင် မင်းကြီးသည် လင်ကိုသတ်၍ မယားကို ယူရန် ကြံစည်ကာ မင်းချင်းကို မိမိ၏ ပတ္တမြားဥသျှောင်ကို ချွတ်၍ လှည်းတွင် မသိအောင် ထားခဲ့ရန် မှာကြား၏။
မင်းချင်းလည်း မင်းကြီးခိုင်းသည့်အတိုင်း ပြု၏။ ထို့နောက် မင်းကြီးသည် ... အမိန့်ထုတ်သည်။
ငါ၏ ပတ္တမြား ဥသျှောင် ပျောက်ပြီ ... မြို့တံခါး အလုံပိတ်ကာ ရှာကြကုန်လော့
မင်းချင်းတို့သည် သူကြွယ်၏လှည်းကိုရှာဖွေရာ ပတ္တမြားဥသျှောင်ကို တွေ့၍ သူကြွယ်ကို ဖမ်းဆီးခေါ်ဆောင် သွား၏။


သုရာတာသည်
ငိုကြွေး၏
ငါ့ကြောင့်
မောင်ကြီး ဒုက္ခရောက်
ရပြီ ...
မင်းချင်းတို့သည် သူကြွယ်ကို သူခိုးဟု စွပ်စွဲကာ ရိုက်နှက်၍ ခေါင်းဖြတ်
သတ်ရန် ကြိုးတုပ်ပြီး ပက်လက်အိပ်စေသည်။ ထိုအခါ သုရာတာက...
ဤလောက၌ သီလ
ရှိကုန်သော သူတို့ကို ကြည့်ရှု
စောင့်ရှောက်သော နတ်တို့ မရှိကြ
သလော... လောကပါလဟု ဆိုအပ်သော
သီလရှိသူကို ချီးမြှောက်သော ရဟန်း
ပုဏ္ဏားတို့ မရှိကြသလော... မဆင်
ခြင်ကြမ်းတမ်းသော သူတို့ကို
မတားမြစ်ကြကုန်လော


သီလပြည့်စုံသော သုဇာတာအကြောင်းကို သိကြားမင်း၏ မြကျောက်ဖျာ ပူနွေးတင်းမာလာ၍
သိသောအခါ သူ၏တန်ခိုးဖြင့် ဆင်ပေါ်မှ ဗာရာဏသီမင်းနှင့် သူကြွယ်ကိုနေရာလဲပေးလိုက်၏။
ထိုအခါ ဗာရာဏသီမင်းမှာ ခေါင်းဖြတ်သတ်ခြင်းခံရ၍ သူကြွယ်မှာ ဗာရာဏသီမင်းနေရာတွင် ရောက်နေ၏။ သိကြားမင်းသည် ကိုယ်ထင်ပြကာ ဘုရားလောင်းသူကြွယ်နှင့် သုဇာတာကို မင်းနှင့် မိဖုရားအဖြစ် ဘိသိက်သွန်းလောင်းပေးသည်။
ဘုရားလောင်းမင်းသည် တရားသဖြင့် တိုင်းပြည်အုပ်ချုပ်မင်းလုပ်ရာ ပြည်သူတို့ ကပ်ဘေးသုံးပါးမှ လွတ်ကင်းလျက် တိုင်းပြည်သာယာဝပြောကာ ပျော်ရွှင်ကြလေသည်။
ဤကား 'မယားကောင်း မယားမြတ် သုဇာတာ'၏ သီလပြည့်စုံသော အကျိုးပင် ဖြစ်ပေသည်။ ။ပြီး
တက္ကသိုလ်သျှင်သီရိ <ဓမ္မာစရိယ ဘိဓေ>
ဝန်းချီတင်ထွန်းထွန်း

# ရှင်နှစ်သည်းခြာ အလိမ္မာကဏ္ဍ

## လောကလူသားတို့ လိုက်နာရန် နည်းလမ်းအသိပညာများ

ဖူးပွင့်ဝေ

"မင်္ဂလာပါဆရာမ"

"မင်္ဂလာပါ တပည့်တို့"

ဆရာမက ဒီနေ့တပည့်တို့ကို လောကလူသားတွေ အသိပညာ အတတ်ပညာနဲ့ပတ်သက်ပြီး သိသင့်သိထိုက်၊ တတ်သင့်တတ်ထိုက်သည့် အတတ်ပညာတွေ၊ လောကနီတိဆုံးမစာတွေကို ပြောပြမယ်ကွဲ့၊ အရင်အပတ်ကလည်း လောကနီတိနဲ့ပတ်သက်ပြီး ပြောပြီးပြီကွဲ့၊ သည်နေ့မှာတော့ အဲဒီထဲကသိသင့်တာလေးတွေကို ဆက်ပြီးပြောပြမယ်ကွဲ့။

"ဟုတ်ကဲ့ပါဆရာမ"

နှုတ်မှုပညာကိုဖြစ်စေ၊ လက်မှုပညာ၊ လက်နဲ့လုပ်ရတဲ့ အတတ်ပညာ ဥပမာ-လက်သမား၊ ပန်းရန်စတဲ့ ပညာတွေကို သေးငယ်တယ်ဆိုပြီး အထင်သေးလို့မရဘူးကွဲ့၊ အဲဒီပညာတွေအကုန်တတ်ထားရင် အဲဒီပညာတွေနဲ့ အသက်မွေးဝမ်းကျောင်းပြုလို့ ရတယ်ကွဲ့။ အဲဒါကြောင့် ဘာပညာဖြစ်ဖြစ် သေးငယ်တယ်ဆိုပြီး အထင်မသေးရဘူးကွဲ့၊ သူနေရာနဲ့သူ အသုံးဝင်တယ်ကွဲ့၊ လက်သမားပညာနဲ့ အိမ်အကြီးကြီးတွေ ဆောက်လို့ရတယ်ကွဲ့၊ ထိုနည်းတူ ပန်းရန်ပညာနဲ့ တိုက်ကြီးတာကြီးတွေ ဆောက်လို့ရတယ်ကွဲ့၊ သိကြပြီလား။

"သိပါပြီဆရာမ"

တောင်တွေအများကြီးရှိပေမဲ့လည်း တောင်တိုင်းတွင် ပတ္တမြား ရတနာတွေမရှိဘူးကွဲ့ ဆင်ဟူသမျှဌ်လည်း အမြုတေပုလဲမရှိဘူးကွဲ့၊ တောတွေ အများကြီးရှိပေမဲ့လည်း တောတိုင်းမှာ စန္ဒကူးနံ့သာပင် မရှိဘူးကွဲ့၊ အဲဒီလိုဘဲ အရပ်မျက်နှာတိုင်းမှာလည်း ပညာရှိ သုခမိန်မရှိဘူးကွဲ့၊ သိကြပြီလားကွဲ့။

"သိပါပြီဆရာမ"

အေးယွန်းမင်းတို့ပညာတတ်ဖြစ်ဖို့ ဘွဲ့ဒီဂရီရဖို့အတွက် ပညာတတ်ဆရာ၊ ဆရာမတွေရှိတဲ့ကျောင်းမှာ ပညာရှာရတယ်မဟုတ်လား....။

"ဟုတ်ပါတယ်ဆရာမ"

အေး လောကနီတိဆရာက ပညာလိုချင်ရင်၊ ပညာတတ်ဖြစ်ချင်ရင်၊ ဗဟုသုတပညာအရာရာနှင့်ပြည့်စုံတဲ့ ပညာရှိ ရှိတဲ့အရပ်ကိုအပင်ပန်းခံပြီး သွားရောက်ပညာသင်ယူရမယ်လို့ ဆိုထားတယ်ကွဲ့ မင်းတို့ငါတို့တစ်တွေဆေးပညာအတတ်၊ အင်ဂျင်နီယာအတတ်စသည့်အတတ်တွေကိုလိုချင်ရင် အဲဒီပညာသင်ပေးတဲ့တက္ကသိုလ်ကို ဘယ်လောက်ဝေးဝေးသွားသင်ရတယ်မဟုတ်လား၊ ယွန်းခေတ်မှာဆိုရင်တော့မိဝေး၊ ဘဝေး နိုင်ငံခြားပညာတော်သင်သွားရတယ်မဟုတ်လား။

"ဟုတ်ကဲ့ပါဆရာမ"

အေးအတတ်ပညာနဲ့ပတ်သက်ရင်လည်း လောဘတကြီး၊ ခဏတဖြုတ်နှင့်တတ်အောင်သင်မယ်ဆိုတဲ့စိတ်မရှိရဘူး၊ တဖြည်းဖြည်းမိမိတတ်လိုတဲ့ သင်ယူလိုတဲ့ အတတ်ပညာကိုတတ်ကျွမ်းနားလည်မှုရှိအောင် သင်ယူရမယ်ကွဲ့၊ အေးပညာတတ်ပြီး စားဝတ်နေရေးအဆင်ပြေလည်း ကိုဥစ္စာစီးပွားရှာဖွေတော့မယ်ဆိုရင်လည်း လောဘမကြီးရဘူး၊ တဖြည်းဖြည်းရှာဖွေပြီးစုဆောင်းတတ်ရမယ်လို့ လောကနီတိဆရာကလမ်းညွှန်ပြထားတယ်ကွဲ့၊ လောကနီတိဆရာကလောကဥပမာဖြင့် ပြထားတာကတော့ကွယ်ကြီးမားတဲ့တောင်ကိုတက်တဲ့ တောင်တက်သမားဟာ တောင်တက်ရာတွင် တဖြည်းဖြည်းတက်ရမယ်ကွဲ့၊ တဖြည်းဖြည်းမတက်ဘဲအလျင်အမြန်တက်ရင် အမောစို့ပြီး တောင်ကိုဆက်မတက်နိုင်ဘဲ လိုရာခရီးမရောက်တော့သလို တဖြည်းဖြည်းမရှာဘဲ လောဘတကြီးမတရားစီးပွားရှာလျှင် စီးပွားမဖြစ်ခင် ဘဝပျက်တတ်တယ်ကွဲ့၊ အဲဒီလိုဘဲရရှိလာတဲ့ ဥစ္စာပစ္စည်းတွေ ကာမဂုံ၊ အာရုံခံစားလိုလျှင်လည်း

တဖြည်းဖြည်းနဲ့ အလိုရှိရာကိုရယူပြီး တဖြည်းဖြည်းခံစားရတယ်ကွဲ့၊ ဥစ္စာစီးပွားရှာဖွေရာမှာ အဆင်မပြေတာတွေ တွေ့ကြုံရမယ်ကွဲ့၊ အမျက်ဒေါသကိုလည်း တဖြည်းဖြည်းထွက်ရမယ်ကွဲ့၊ အဲဒီအဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိဆိုတဲ့ ငါးပါးအာရုံ ကာမဂုံတွေကို တဖြည်းဖြည်းတစတစသာအလိုရှိရမယ်လို့ လောကနီတိဆရာတို့က ဆုံးမထားတယ်ကွဲ့၊ အဲဒါကိုကော သဘောကျသလားကွဲ့၊

"သဘောကျပါတယ်ဆရာမ"

အေးဒါကြောင့် မင်းတို့တွေ လောကနီတိဆရာတွေဆိုဆုံးမတဲ့အတိုင်း လိုက်နာဆောင်ရွက်ကြပြီး ပညာတွေသင်ကြမယ်၊ ဥစ္စာတွေကိုစုဆောင်းရှာကြရမယ်ကွဲ့၊ ဤနည်းတွေအတိုင်း ကျင့်သုံးလိုက်နာကြမယ်ဆိုရင် တပည့်တို့ဟာ နောင်တစ်ချိန်မှာ လူကြီးဖြစ်၍ မိသားစုတာဝန်၊ တိုင်းပြည်တာဝန်တွေ ထမ်းဆောင်ကြတဲ့အခါမှာ တိုင်းပြည်ရဲ့ သားကောင်း၊ သမီးကောင်းရတနာတွေ ဖြစ်လာမှာအမှန်ဘဲကွဲ့၊ နားလည်သဘောပေါက်ထားရမယ်ကွဲ့။

"ဟုတ်ရဲ့လား"

"ဟုတ်ပါတယ်ဆရာမ"

အေးသည်တစ်ပတ်တော့ ဒီလောက်နဲ့ပဲ အတန်းနားကြစို့၊ နောက်လတွေမှာလည်း ဆက်ရှင်းပြမယ်ကွဲ့။

"ဟုတ်ကဲ့ပါဆရာမ"

"မင်္ဂလာပါဆရာမ"

"မင်္ဂလာပါတပည့်တို့"

**ဖူးပွင့်ဝေ**

◆ ◆ ◆



# လာဘ်ရှင်နည်း

လေးကေ-အရှင်နန္ဒမာလာ

မြတ်စွာဘုရားသခင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ်က ဖြစ်သည်။ အရှင်သာရိပုတ္တရာ၏ အတူနေတပည့်သည် အရှင်သာရိပုတ္တရာထံသို့ ချည်းကပ်၍-

"အရှင်ဘုရား တပည့်တော်ကို လာဘ်ရှင်နည်း တရားဟောပေးတော်မူပါ။ ဘယ်လို ကျင့်ရင် သင်္ကန်းစတဲ့ လာဘ်လာဘတို့ကို ရပါ သလဲဘုရား"

ဟုမေး၏။

ထိုအခါ အရှင်သာရိပုတ္တရာမထေရ်မြတ်က-

"ငါ့ရှင် ယခု ငါပြောမယ့်အချက်အလက်တွေနဲ့ ပြည့်စုံတဲ့ ရဟန်းမှာ ဆွမ်း-သင်္ကန်း-ကျောင်း-ဆေး ဆိုတဲ့ ပစ္စည်းလေးပါးနဲ့ အလျှင်အမြန်လာဘ်ရှင်ပြီး ပြည့်စုံစေပါတယ်"

၁။ ဟိရီဩတ္တပ္ပကို ဖျက်၍ ရဟန်းအဖြစ်ကို စွန့်၍ မရူးသော်လည်း ရူးသလို ကျင့်ရာ၏။

၂။ ကုန်းတိုက်စကားကို ပြောကြားရာ၏။

၃။ သဘင်သည် လူရွှင်တော်-မင်းသားတို့၏ အတုကို လိုက်ကာ ကျင့်သုံးရာ၏။

၄။ ဖောက်ဖောက်ပြန်ပြန် ဖရိုဖရဲပြောဆိုခြင်းကို ပြုရာ၏။

ယင်းသို့ကျင့်သော ရဟန်းသည် ဆွမ်း-သင်္ကန်းကျောင်း၊ ဆေးစသည်တို့နှင့် လာဘ်ရှင်၏"

ဟု အရှင်သာရိပုတ္တရာက- ထိုရဟန်းငယ်ကို ပြန်မိန့်ကြားတော်မူ၏။ ထိုရဟန်းငယ်သည် ထိုနည်းဖြင့် ဆွမ်း-သင်္ကန်း-ကျောင်း-ဆေး ပြည့်စုံအောင် ကျင့်နည်းကို ကဲ့ရဲ့ကာ ထွက်ခွာသွားလေ၏။

(၅၅၀-လာဘဂရဟဇာတ်)

ဗုဒ္ဓစာပေဓမ္မပဒ၌ လာဘ်ရှင်နည်း(သို့မဟုတ်)လုပ်ကိုင်စားသောက်ရလွယ်ကူနည်း၊ (သို့မဟုတ်) အသက်မွေးမြူရလွယ်ကူနည်းကို ဤသို့ဖော်ပြထားပါ၏။

"လူသည် တကယ်တမ်းလွယ်ကူစွာ အသက်မွေးမြူလိုပါက အရှက်မရှိရ၊ ကျီးကန်းလို ရဲရင့်ရ၏။ သူတစ်ပါး၏သိက္ခာကိုလည်း ချရဲရ၏။ သာသည့်ဘက်ကိုလည်း ပြေးကပ်

ရဲရ၏။ ညစ်ပတ်သော စိတ်လည်း ရှိရ၏။ ဤသို့ပြုလျှင် လောကဌ် အသက်မွေးလွယ်၏'' ဟူ၍ ပါရှိလေသည်။

ရဟန်းလောကတွင် ချဲထီပေး၊ ယတြာ-ဗေဒင်ဟောပေး၊ ပယောဂကု ဆရာ-ဘုန်းကြီး အချို့ လာဘ်ပေါ်များပြီး စာသင်၊ စာချပုဂ္ဂိုလ်တို့မှာ ရှေ့တန်းရောက်စစ်သည်ပမာ-ဆင်းရဲကြလေသည်။ လာဘ်လာဘပါးရှားကြကုန်၏။

ဆင်းရဲလေလေ သံဝေဂရလေလေ ဆိုသည့်အတိုင်း အချို့က ဆင်းရဲလေလေ၊ တရားသံဝေဂရလေလေဖြစ်သည်။ ဩော်--- ငါတို့မှာ ရှေးရှေးဘဝါ ဘဝတွေက ဒါနနည်း၊ သီလမဲ့၊ ဘာဝနာကျဲခဲ့လို့ ယခုဘဝ ကိုယ်-စိတ်နှစ်ဖြာ ကျန်းမာ-ချမ်းသာမှု မရပဲ ဖြစ်နေတာပေါ့''ဟု သတိသံဝေဂရလာကြသည်။

အချို့ကျတော့ ပြောင်းပြန်''ဆင်းရဲနေပြီကော၊ ဘာထူးတော့မှာလဲ၊ ဘဝက ယပ်တောင်လိုဖြစ်နေပြီ။ ဆင်နင်းလည်း သည့်ထက်ပိုမပြားတော့ဘူး။ ဘာပဲဖြစ်ဖြစ် ချမ်းသာရင်ပြီးရော''

ဟူ၍ စိတ်ကို ဒုံးဒုံးချကာ ဘယ်သူသေသေ ငနဋ္ဌမာရင် ပြီးရော-ဆိုသည့် အနေမျိုးဖြင့် မတော်မတရားတွေ လျှောက်လုပ်ကြတော့သည်။

မိဘ, သားသမီး၊ ဇနီးမယား၊ မောင်ရင်းနှမ မိတ်သင်္ဂဟ-ရယ်ဟူ၍ မရှိ၊ ဘယ်သူ့ကိုမှ မချန်တော့။ မကြည့်တော့၊ ငို့ဘ၊ ငါ့ဘို့သာလိုရင်းဟု တွေးကာ ပြုမူလုပ်ဆောင်ကြတော့၏။ ထိုသို့သော သူမျိုးကို ကျီးကန်းလိုလူ-အရှက်မရှိသူ-ဟူ၍ ဆိုစမှတ်ပြုကြသည်။ လူမှုဘဝတွင် ကြီးပွားချမ်းသာသူ၊ လာဘ်ရွှင်သူနှစ်မျိုးနှစ်စားကို တွေ့ရမည်ဖြစ်သည်။

၁။ တရားသဖြင့် လုပ်ကိုင်စားသောက်နေထိုင်ကာ စီးပွားရှာရင်း ကြီးပွားချမ်းသာလာသူ၊

၂။ ဘယ်သူတွေဘာပဲဖြစ်ဖြစ်၊ ကိုယ်ထင်ရာ၊ ကိုယ်လုပ်မယ်-ဆိုသော လူစားမျိုး၊ မတရားသဖြင့် စီးပွားရှာမည်၊ မူးယစ်ဆေးဝါး၊ လူကုန်ကူး၊ အရက်ဆိုင်၊ လောင်းကစား၊ သူ့အသက်သတ်၊ ခိုးမှု၊ လုယက်၊ ခါးပြတိုက်၊ လိမ်-ညာ-ပြော၊ လာဘ်ပေးသူ ဦးစားပေး၊ ငွေများတရားနိုင်စသည်ဖြင့် မတရားမှု မှန်သမျှတို့ကို ပြုလုပ်ပြီး လာဘ်ရွှင်သည့် လူစားမျိုး''

ဟူ၍ ကောင်းမှုနှင့်ကြီးပွားချမ်းသာလာသူ၊ ဆိုးမှုနှင့်ကြီးပွားချမ်းသာလာသူ-ဟူ၍ နှစ်မျိုးနှစ်စား တွေ့ရပါမည်။

မကောင်းမှုကို မရှက်ခြင်းသည် လောကပျက်စီးကြောင်းဖြစ်၏။ မတရားသဖြင့် စီးပွားရှာသူသည် အရှက်မရှိချေ။ ရ ဘူးအာဏာရှိသူ၊

လုပ်ပိုင်ခွင့်ရှိသူ၊ အခွင့်အရေးရနိုင်သူတို့ထံက ရနိုင်သမျှ အခွင့်နှင့်အရေးများကို ကြံလိုညှစ်ကာ ယူတတ်သည်။ အခွင့်အရေးရမည်မှန်က- အဘ-ခေါ်တန်ခေါ်၏။ အစ်မခေါ်တန်ခေါ်၏။ ဆရာ-ခေါ်ဖို့လည်း ဝန်မလေး အခွင့်အရေး ရမည့် သူ၏ ဇနီးမယား၊ သမီးသားနှင့် စီးပွား ရေးရာ အဖြာဖြာတို့ကို စိတ်ဝင်တစားဟန်ပြ ၏။ ငိုငိုရယ်ရယ်၊ မဲ့မဲ့ရွဲ့ရွဲ့၊ ပြုံးပြုံးရွှင်ရွှင်၊ မျက်နှာပေးအမျိုးမျိုးနှင့်ပြောဆိုတတ်၏။ ဟို ရောက် ဒီရောက်၊ ဟိုစကား-ဒီစကားများကို လည်း ပြောဆိုတတ်၏။ မလိုသူတို့၏ မကောင်း သတင်းများကို အခမဲ့ကြေငြာ၏။ သွားပုပ် လေလွင့်ပြော၏။ အဆမတန်ကဲ့ရဲ့၏။ ရှုတ်ချ ၏။ သာသူကိုကပ်ပေါင်းပြီး နာသူကို ထပ် ထောင်းတတ်၏။

ပါးစပ်က အပြုံးတုကို တပ်ဆင်ထားသော် လည်း နှလုံးသားထဲတွင် ဓါးချွန်ကို အမြဲလုတ် ဖွင့်ထား၏။ ညစ်ပတ်သောစိတ်ထားလည်းရှိ၏။ ထိုနည်းသည် လာဘ်ရွှင်နည်းဖြစ်၏။ အသက် မွေးရလွယ်သောနည်းဖြစ်၏။ ထိုနည်းကို လူကောင်း, သူကောင်းများ မလုပ်ရဲကြချေ။ ရှက်, ကြောက်တတ်၍ ဖြစ်သည်။

အမှန်အားဖြင့် မကောင်းမှုကို ပြုလုပ်သူ သည် တကယ်မရှက်သည်မဟုတ်။ ရင်ထဲတွင် ရှက်ကြ၏။ လူကုန်ကူး၊ လူသတ်မှု၊ မုဒိမ်းမှု၊ မူးယစ်ဆေးဝါး စသော အမှုရင်ဆိုင်ရသူတို့ကို ဖမ်းမိသောအခါ မျက်နှာငုံ့ရှိုးသွားကြသည်က များ၏။ အချို့အကာအကွယ်ယူကာ မျက်နှာကို ဖုံးအုပ်ထားကြ၏။ ဤသည်မှာ သူတို့၏ ရင်ထဲ တွင် မကောင်းမှုကို စက်ဆုပ်ကြောင်း ပြ,သ ခြင်းဖြစ်လေသည်။ လူ၏ပကတိစိတ်ရင်းသည် ဖြူစင်မြဲသာဖြစ်၍ အရောင်ပင်တလက်လက် ထွက်၏။ အကုသိုလ်ဇော့သည်ဆိုးတို့ မွေနောက် သဖြင့်သာ နောက်ကျူရခြင်းဖြစ်လေသည်။

အဆောင် ယတြာများဖြင့် လာဘ်ရွှင်နည်း ကို ပြုလုပ်ကြသည်လည်း ရှိ၏။ ယုံကြည်ကြ သူတို့မနည်း။ သူတို့ကား ဒုစရိုက်လုပ်ငန်းတွေ နှင့် လာဘ်ရွှင်နည်းများကို ပြုလုပ်သူတို့နှင့် စာသော် တော်သေး၏ဆိုရပါမည်။ မည်သူ့ကိုမှ တိုက်ရိုက်မထိခိုက်နိုင်ချေ။ ယတြာကြေးများလျှင် ထိခိုက်နိုင်လေသည်။ သူ့ယုံကြည်မှုနှင့် လုပ် ဆောင်ကြခြင်းဖြစ်သည်။

မည်သို့ဆိုစေ သူတစ်ပါးတို့ကိုလည်း မထိ ခိုက် မိမိကိုယ်တိုင်ကိုလည်း အကျိုးမယုတ်စေ သော'လာဘ်ရွှင်နည်းများ'ကိုသာ လုပ်ကိုင် ပြောဆို တွေးတောသင့်ကြလေသည်။

**ကျန်းမာချမ်းသာကြပါစေ**

**လေးကေ-အရှင်နန္ဒမာလာ**

ooooo

# မယားမြတ် စန္ဒကိန္နရီ

နိုင်ကြည်မြင့် (သာသနမာမကမ္ဘောဓရိယ)

တော်ဝင်မယားလေးပါးရှိပါသည်။ ထိုတွင် စန္ဒကိန္နရီသည် တစ်ပါးအပါအဝင်ဖြစ်သည်။ စန္ဒကိန္နရီ၏ တော်ဝင်မယားဖြစ်စဉ်မှာ-

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း မင်းပြုနေစဉ် ဘုရားလောင်းသည် ဟိမဝန္တာအရပ်၌ ကိန္နရာအမျိုး၌ ဖြစ်လေသည်။

ဘုရားလောင်း၏ မယားသည် စန္ဒာအမည်ရှိလေသည်။ ကိန္နရာမောင်နှံတို့သည် ငွေတောင်၌နေကြစဉ် ဗာရာဏသီမင်းသည် တစ်ယောက်တည်း ဟိမဝန္တာတောသို့ ဝင်လာသည်။

ဗာရာဏသီမင်းသည် ရသောအမဲကို မီးကင်စားလျက် တစ်ခုသော မြစ်ငယ်အတိုင်း မြစ်ညာသို့ တက်လာလေသည်။ ထိုအချိန်တွင် ကိန္နရာတို့သည် မိုးကုန်၍ နွေရောက်လာပြီးဖြစ်သဖြင့် တောင်မှသက်ဆင်းကြကုန်သည်။

ကိန္နရာမောင်နှံတို့သည် တောမှရသော ပန်းမန်အပေါင်းကို ဝတ်စားဆင်ယင်လျက် ကခုန် သီဆိုကြသည်။ စန္ဒကိန္နရီသည် စန္ဒကိန္နရာ၏ လက်ကိုဆွဲလျက် ကခုန်သီဆိုသည်။

ဗာရာဏသီမင်းသည် ကိန္နရာတို့၏အသံကိုကြားလျှင် ခြေသံကို မကြားစေဘဲ အသာသွားကာ ပုန်းကွယ်ရာအရပ်၌နေပြီး ကိန္နရာတို့၏ ကပုံဆိုပုံကို လေ့လာကြည့်ရှုသည်။ ကိန္နရီမအပေါ် တပ်မက်သောစိတ်ဖြစ်ပေါ်လာသဖြင့် ကိန္နရာကိုသတ်ပြီး ကိန္နရီမကို အရယူကာ ပျော်ပါးမည်ဟု စိတ်ကူးလျက် ကိန္နရာဖိုကို မြားဖြင့် ပစ်လေသည်။

စန္ဒကိန္နရာသည် မြားမှန်သောဒဏ်ဝေဒနာကို ခံစားလျှက် ငိုကြွေးမည်တမ်းလေသည်။ စန္ဒကိန္နရာလဲကျ၍ အနာဝမှ သွေးတို့ကို မြင်သောအခါ ကျမှ

"ငါ့ချစ်လင်ကား မည်သို့သောဝေဒနာခံစားရလေသနည်း"

ဟု စုံစမ်းသော် မြားမှန်သည်ကိုသိ၍ စိုးရိမ်သောကကို သည်းမခံနိုင်ကာ သည်းစွာ ငိုကြွေးလေသည်။

ဗာရာဏသီမင်းသည် ကိန္နရာသေပြီဟူသော အထင်ဖြင့် စန္ဒကိန္နရီရှေ့တွင် ကိုယ်ထင်ပြ၍ ရပ်လေသည်။ စန္ဒကိန္နရီသည် ဗာရာဏသီမင်းကို မြင်၍…

"ဤသူခိုးသည် ငါ၏ချစ်လင်ကို သတ်သောသူ ဖြစ်လတ္တံ့"

ဟု တုန်လှုပ်လျက် တောင်ထိပ်ကို တက်ပြေးလေသည်။ စန္ဒကိန္နရီသည် တောင်ထိပ်သို့ အရောက်တွင် မင်းကိုအမျိုးမျိုးရေရွတ်ကျိန်ဆဲလေသည်။

ဗာရာဏသီမင်းသည် မိမိအားကျိန်ဆဲနေသော စန္ဒကိန္နရီကို နှစ်သိမ့် ချော့မြူလို၍-

"ရှင်မစန္ဒာ မငိုပါနှင့်၊ မစိုးရိမ်လင့်၊ မင်းမျိုး၌ မိန်းမတို့အားလုံး ပူဇော်ခံရသော ငါ၏ မိဖုရားခေါင်ကြီး ဖြစ်စေရပါမည်"

ဟု ပြောပြသည်။

စန္ဒကိန္နရီသည် မင်းစကားကိုကြားလျှင် ခြင်္သေ့ကဲ့သို့သော အသံဖြင့် ကျူးရင့်လျက်-

"မင်းသားအသို့ဆိုပါသနည်း။ ငါ၏ အသက်သာ အသေခံမည်။ သင်သည် အပြစ်မရှိသော ငါ၏လင်ကို သတ်ခဲ့သည်။ ငါသည် ဘယ်နည်းနှင့်မျှ သင်၏မယားအဖြစ်မခံနိုင်ပါ"

ဟုပြောသည်။

ဗာရာဏသီမင်းသည် ကိန္နရီ၏စကားကို ကြားလျှင် တပ်မက်သောစိတ်ကင်းကာ-

"အလွန်ကြောက်တတ်ပြီး အသက်ရှင်ခြင်းကို အလိုရှိသော မယ်ညိုရွက်၊ တောင်ဇလပ်ရွက်တို့ကိုစားသော ကိန္နရီမ၊ သင်သည် ဟိမဝန္တာတောသို့ သွား၍ တစ်ပါးကုန်သော သားတို့နှင့် ပျော်မွေ့နေပါလော့"

ဟုပြောဆိုကာ ဗာရာဏသီမင်းသည် ကိန္နရီမ အပေါ်၌ ငဲ့ကွက်မှုမရှိဘဲ ထွက်သွားလေသည်။

စန္ဒကိန္နရီသည် ဗာရာဏသီမင်း ထွက်ခွာသွားသည့်အဖြစ်ကို သိရှိ၍ တောင်ထိပ်မှ ဆင်းသက်ပြီးလျှင် စန္ဒကိန္နရာ၏ ကိုယ်ကိုပွေ့ထူပြီး တောင်ထိပ်သို့ တင်လေသည်။

တောင်ထိပ်သို့ တစ်နေရာတွင် အိပ်စေ၏။ စန္ဒကိန္နရာ၏ ဦးခေါင်းကို မိမိပေါင်၌ထား၍ သည်းစွာ ငိုကြွေးလေ၏။

"အို ချစ်လင်ကိန္နရာ တောတို့သည်လည်း ကောင်း၊ ချောက်တို့သည်လည်းကောင်း၊ တောင်လိုဏ်ဂူတို့သည် လည်းကောင်း တည်ရှိကြပါ၏။ ထိုနေရာတို့၌ သင့်ကို မမြင်ရသည် ရှိသော် ငါသည် မည်သို့ပြုရပါအံ့နည်း"။

စန္ဒကိန္နရီသည် ရေရွတ်ငိုကြွေးမည်တမ်းပြီးလျှင် စန္ဒကိန္နရာ၏ ရင်ဝကို လက်ဖြင့်စမ်းသည်။ သွေးပူသေးသည်အဖြစ်ကိုသိ၍ အသက်ရှင်သေးသည်ဟု ယုံမှတ်လျက် နတ်များကို တိုင်ကြားလေသည်။ စန္ဒကိန္နရာအား အသက်ကို ပေးအံ့ဟု ကြံ၍-

"လောကပါလမည်သော နတ်တို့သည် မရှိကြကုန်သလော။ ငါ၏ချစ်စွာသောလင်ကို စောင့်ကြကုန်"

ဟု ဆိုကာ နတ်တို့အား တိုင်ကြားသောအမှုကို ပြုလေသည်။

စန္ဒကိန္နရီ၏ သောကအဟုန်ကြောင့် သိကြားမင်း၏နေရာသည် ပူလေသည်။

သိကြားမင်းသည် ထိုအဖြစ်ကို ဆင်ခြင်လတ်သော် အကြောင်းကိုသိ၍ ပုဏ္ဏားအသွင်ဖြင့် လာလတ်ပြီးလျှင် ကရားမှ ရေကိုယူ၍ သွန်းလောင်းပေးရာ ထိုခဏ၌ပင် အဆိပ်တို့သည် ပြယ်လေသည်။ စန္ဒကိန္နရီသည် လင်ရောဂါလျှင်စွာကင်းသည်ကိုမြင်၍ ဝမ်းမြောက်ရကား ပုဏ္ဏားအား -

"အရှင်ပုဏ္ဏားမြတ်သင်သည် ဆင်းရဲစွာ အထီးကျန်နေသော ကျွန်ုပ်နှင့် ကျွန်ုပ်မြတ်နိုးလှသော လင်ကို အမြိုက်ရေစင်ဖြင့် သွန်း၍ ရောဂါကင်းစေပါ၏။ ကျွန်ုပ်သည် ကျွန်ုပ်လင်နှင့်ထပ်တူထပ်မျှ ပြန်လည်ပေါင်းဖော်ရပါ၏။ ထို့ကြောင့် သင့်ကို ကျွန်ုပ်ရှိခိုးပါ၏"

ဟု ပြောသည်။

သိကြားမင်းသည် ကိန္နရာတို့ကို ငွေတောင်ပြည်မှဆင်းသက်၍ လူတို့နေရာသို့ မသွားဖို့ မှာကြားပြီးလျှင် ပြန်လေသည်။

စန္ဒကိန္နရီ၏ သစ္စာစကားကြောင့် စန္ဒကိန္နရာ အသက်ချမ်းသာရရှိကြောင်းကို ဤဇာတ်တွင် တွေ့မြင်ရမည်ဖြစ်သည်။ သို့ဖြစ်ပါ၍ အခက်အခဲ အနှောက်အယှက်တို့နှင့် တွေ့ကြုံရပါက သစ္စာစကားသည် အရေးကြီးလှပါကြောင်း သတိပြုရမည်ဖြစ်ပါသည်။

**နိုင်ကြည်မြင့်**

**သာသနဓဇမဟာစရိယ**

စာမျက်နှာ(၁၇)မှအဆက်

**အကြောင်းများစွာ အကျိုးတစ်ပါးသာလော**

"အရှင်နာဂသေနဘုရား၊ ဆိုခဲ့ပြီးသော တရားတို့သည် တသီးတခြား ကွဲပြားကြပါလျက် တစ်ပါးတည်းသော အကျိုးကိုသာ ပြီးစေပါသလော"

"မင်းမြတ်၊ မှန်ပေ၏။ ထိုတရားတို့သည် ကိလေသာကို သတ်နိုင်ကြပေကုန်၏"

"ထိုတရားတို့သည် အဘယ်သို့လျှင် တစ်ပါးတည်းသောအကျိုးကိုပြီးစေပါကုန်သနည်း။ အဘယ်သို့လျှင် ကိလေသာကို သတ်ကြပါကုန်သနည်း"

"ဥပမာပြုတော်မူပါဦး"

"မင်းမြတ်၊ ဆင်တပ်၊ မြင်းတပ်၊ ရထားတပ်၊ ခြေလျင်တပ် တို့သည် တသီးတခြား ကွဲပြားကြပါလျက် စစ်မြေပြင်၌ တစ်ဖက်မှ စစ်သည်များကို နှိမ်နင်းအောင်မြင်ခြင်းဟူသော အကျိုးတရားတစ်ပါးတည်းကိုသာ ပြီးစေကြကုန်၏။ ဤအတူပင် ထိုအရာတို့သည်လည်း တသီးတခြား ကွဲပြားကြပါလျက် တစ်ပါးတည်းသော အကျိုးကိုသာ ပြီးစေကြပေကုန်၏"

"အရှင်ဘုရား၊ သင့်လျော်လှပါပေ၏"

# မြန်မာနိုင်ငံ ရိုးရာပါဠိစာပေသင်ကြားရေး

# Traditional Pali Studies in Myanmar

ဦးအောင်သိန်းညွန့် (ဒု-ညွှန်ချုပ်(ငြိမ်း) သာသနာရေး)
U Aung Thein Nyunt (Retd. DYDG Religious Affairs)

## ရတနာပုံမန္တလေးခေတ်

ရတနာပုံမန္တလေးခေတ်(၁၈၅၉-၁၈၈၅) တွင် ရိုးရာပါဠိစာပေသင်ကြားရေးတိုးတက်ဖွံ့ဖြိုးမှုအတွက် ရှေ့နန်းတော်ကြီး၏ အားပေးအားမြှောက်မှု လွန်စွာထင်ရှားသည်၊ ထိုခေတ်တွင် မန္တလေးနှင့်အမရပူရမြို့နှစ်မြို့၌ပင် သံဃာတော်ပေါင်း ၁၅၃၆၆-ပါးရှိခဲ့သည်။ နန်းတော်က သံဃရာဇာသာသနာပိုင်၊ သာသနာပိုင်ဆရာတော်၏ အုပ်ချုပ်ရေးရုံး၊ သုဓမ္မာအုပ်ချုပ်ရေးသံဃာ့အဖွဲ့၊ မဟာဒါန်ဝန်၊ ပထမစာတော်ချ၊ ဒုတိယစာတော်ချ၊ တတိယစာတော်ချတို့ကို ခန့်ထားဆောင်ရွက်ခဲ့သည်။ ၁၈၇၁-ခုနှစ်(သာသနာနှစ်-၂၄၁၅)တွင် မင်းတုန်းမင်းကြီး၏ ထောက်ပံ့လှူဒါန်းမှုဖြင့် မန္တလေးမြို့၌ ပဉ္စမသံဂါယနာကို ကျင်းပခဲ့ပြီး သံဃာတော်ပေါင်း- ၂၄၀၀ ကြွရောက်ပါဝင်ဆောင်ရွက်ခဲ့သည်။

မန္တလေးတောင်ခြေရှိ ကုသိုလ်တော်ဘုရားပရိဝုဏ်အတွင်း သုတ်၊ ဝိနည်း၊ အဘိဓမ္မာ၊ ပါဠိတော်ကျမ်းစာများကို ကျောက်ထက်အက္ခရာ ရေးထိုးမှတ်တမ်းတင်ခဲ့ရာ ယင်းကျောက်စာချပ် ၇၂၉-ချပ်ကို ယနေ့တိုင်တွေ့မြင်နိုင်သည်။ အမှန်စင်စစ် ဤသို့ တည်းဖြတ်သုတ်သင်ရေးထိုးနိုင်ခဲ့ခြင်းမှာ မြန်မာနိုင်ငံရိုးရာပါဠိစာပေသင်ကြားရေး၏ အောင်မြင်သော မှတ်တိုင်တစ်ခု ဖြစ်သည်။

In the age of Yatanapon Mandalay (1859-1885 AD) the Royal king's encouragement for progress of traditional Pali study was very remarkable. In that age these were altogether 15366 member of Samgha only in two cities, Mandalay and Amarapura; the Royal government appointed Samgharaja and it's office, member of Sudhamma Supreme

Board, Minister for Buddhist affairs, Mahadanwam, and first Great Pali lecturer second great lecturer, and third Grad Pali lecturer. Moreover, in 1871 C.E (2415-Sasana era), The fitth Buddhist Council was held in Mandalay, with the support of King Mindon; 2400 members of Sangha unanimously participated in this Council.

We can see now 729 marble slabs on which Pitaka Pali texts, Suttanta, Vinaya, and Abhidhamma were inscribed within the precinct of the Kuthodaw Pagoda at the foot of the Mandalay Hill. Indeed this is a successful milestone of the traditonal Pali study in Myanmar.

၁၈၈၅ မှ ၁၉၄၈ အထိ မြန်မာနိုင်ငံတွင် ဗြိတိသျှကိုလိုနီအစိုးရအုပ်ချုပ်စဉ်ကာလအတွင်း ဗြိတိသျှအုပ်ချုပ်သူများသည် ဗုဒ္ဓဘာသာကို ဖိနှိပ်ခဲ့သော်လည်း မြန်မာအမျိုးသားပရိယတ္တိအသင်းများက နိုင်ငံတစ်ဝန်းလုံးတွင် ရိုးရာပါဠိစာပေသင်ကြားရေးကို အားပေးခဲ့ကြသောကြောင့် ရိုးရာပါဠိစာပေသင်ကြားရေးမှာ ပုံမှန်ခရီးဆက်ခဲ့၏။

During the time of British colonial regime in Myanmar from 1885 to 1948 AD, the traditional Pali study went on its regular way though the British rulers suppressed Buddhism because Myanmar National Pariyatti Associations encouraged the monastic Pali Education throughout the country.

၁၉၄၈-ခုနှစ်၊ ဇန်နဝါရီလတွင် မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးလျှင်ပြီးချင်း မြန်မာအစိုးရက တိပိဋကရွေးချယ်ရေးစာမေးပွဲကြီးကို ကျင်းပခဲ့ပြီး ယင်းစာမေးပွဲကြီး အကျိုးဆက်အနေဖြင့် ၁၉၅၄-ခုနှစ်(သာသနာနှစ်-၂၄၉၈)တွင် ရန်ကုန်မြို့၊ ကမ္ဘာအေး၊ မဟာပါသာဏလိုဏ်ဂူတော်ကြီးတွင် ဆဋ္ဌသင်္ဂါယနာကို ကျင်းပခဲ့သည်။ ပြည်တွင်းမှ သံဃာတော် ၂၄၇၃-ပါး၊ ပြည်ပနိုင်ငံများမှ သံဃာတော် ၁၁၄-ပါး၊ စုစုပေါင်း သံဃာတော် ၂၅၈၇-ပါးတို့သည် ၁၉၅၆-ခု ကဆုန်လပြည့်နေ့အထိ ၂-နှစ်ကြာ ကျင်းပသော ယင်းဆဋ္ဌသင်္ဂါယနာပွဲကြီးသို့ ပါဝင်တက်ရောက်တော်မူခဲ့ကြသည်။ ပါဠိတော်ကျမ်းစာများကို ၂-နှစ်ကြာ သင်္ဂါယနာတင်ပြီးနောက် ၁၉၆၁-ခုနှစ်အထိ အဋ္ဌကထာကျမ်းစာ ၅၂-အုပ်၊ ဋီကာကျမ်းစာ ၂၉-အုပ်တို့ကိုလည်း ရေးမူများအတိုင်း စိစစ်လျက် သင်္ဂါယနာတင်တော်မူခဲ့ကြသည်။ ဆဋ္ဌသင်္ဂါယနာတင်ပွဲကြီး၏ အကျိုးဆက်အနေဖြင့် တိပိဋကရွေးချယ်ရေး

စာမေးပွဲကြီးကို ကျင်းပလာခဲ့ရာ ၂၀၁၃-ခုနှစ်တွင် တိပိဋကဓရတိပိဋကကောဝိဒ ဘွဲ့တံဆိပ်တော်ရ သံဃာတော် ၁၃-ပါး မြန်မာသာသနာ့မြေပေါ်၌ ပေါ်ထွန်းခဲ့သည်။

Right after gaining Independence in January 1948, Tipitakadhara Selection Examination sponsored by the Myanmar government was held and as the consequence of this examination the sixth Buddhist Council was convened in Maha Pasanaguha, Kabaaye, Yangon on 17th May 1954, (2498 Sasana Era). Altogether 2617 members of Sangha 2473 from Myanmar and 114 from abroad participated in the Council which was being held for two years, up to Vesaka day of 1956. After the Pali Texts Sangayana, 52 Atthakathas and 29 tikas were also scrutinized in the Sangha council up to the year of 1961. As the result of holding the sixth Buddhist Council, the Tipitakadhara Selection Examination was annually held and altogher 13 members of Tipitakadhara Tipitakakovida emerged on the golden earth of the Sacred Sasana in 2013.

မြန်မာနိုင်ငံလွတ်လပ်ရေးရပြီး နောက်ပိုင်းတွင် နိုင်ငံတော်အစိုးရပါဠိပညာရေးအဖွဲ့နှင့် ပါဠိပညာရေးအက်ဥပဒေတို့ကို ဖွဲ့စည်းပြဋ္ဌာန်းခဲ့သည်။ ဤသို့ဖြင့် ပထမငယ်၊ ပထမလတ်၊ ပထမကြီး ဟူသော ပါဠိပထမပြန်စာမေးပွဲများ၊ ဓမ္မာစရိယစာမေးပွဲများကို နိုင်ငံတော်အစိုးရက နှစ်စဉ် ကျင်းပပေးခဲ့သည်။

After Independence, Board of Pali Education was formed and Pali Education Act was promulgated by the government. Thus Pahtamapyan Pali examinations, Pathamangyi (Grade-3) Pathamalat (Grade-2) and Pathamagyi (Grade-1) and Dhammacariya- Leadership examination were annually held by the government.

**ဦးအောင်သိန်းညွန့်**
**U Aung Thein Nyunt**



# ပြည်တွင်းသာသနာရေး သတင်းမှတ်တမ်း

လမင်း

## ၂၀၁၆–ခုနှစ်၊ သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များဆက်ကပ်ပူဇော်ပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပခြင်း



၂၀၁၆–ခုနှစ်၊ သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ဆက်ကပ်ပူဇော်ပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲမဟာမင်္ဂလာအခမ်းအနားကို မတ်လ၊ ၂၃–ရက်၊ တပေါင်းလပြည့်နေ့၊ မွန်းလွဲ ၁း၀၀ နာရီတွင် နေပြည်တော် ဥပ္ပါတသန္တိစေတီတော်ပရိဝုဏ်ရှိ သာသနာ့ဗိမာန်တော်ကြီး၌ ကျင်းပရာ နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်နှင့် ဇနီးဒေါ်ခင်ခင်ဝင်းတို့ တက်ရောက်ကြည်ညို၍ သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပြီး ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများလောင်းလှူခဲ့ပါသည်။

ရှေးဦးစွာ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပူဇော်ပွဲကို ကျင်းပရာ သာသနာရေးဝန်ကြီးဌာနအမြဲတမ်းအတွင်းဝန်ဦးခိုင်အောင်က အခမ်းအနားဖွင့်စာတမ်းကို ဖတ်ကြားလျှောက်ထား၍ အခမ်းအနားကို ဖွင့်လှစ်ခဲ့ပါသည်။

အမှတ် ၅၃၁၇၅
ရက်စွဲ ၂၄-၅-၁၆

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့၊ ဗန်းမော်ကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသထံမှ နိုင်ငံတော် သမ္မတနှင့် ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြပါသည်။

ယင်းနောက် နိုင်ငံတော်ဩဝါဒါစရိယဆရာတော် ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ ကျိုက်ပိကျောင်းတိုက်ပဓာနနာယက၊ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တဂုဏောသနက သမ္ဗောဓနီယဩဝါဒကထာကို ဖတ်ကြားချီးမြှင့်တော်မူပြီး သာသနာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးဦးစိုးဝင်းက သာသနာရေးဆိုင်ရာများ လျှောက်ထားခဲ့ပါသည်။

ထို့နောက် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များကို ဆက်ကပ်လှူဒါန်းကြပြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ဆရာတော်ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ်မင်းကျောင်းပထမပြန်စာသင်တိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တစန္ဒိမာဘိဝံသထံမှ နိုင်ငံတော်သမ္မတနှင့် ပရိသတ်များက အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှဝေကြသည်။

အခမ်းအနားအပြီးတွင် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ဆက်လက်ကျင်းပရာ နိုင်ငံတော်သမ္မတဦးသိန်းစိန်နှင့် ဇနီးဒေါ်ခင်ခင်ဝင်းတို့နှင့်အတူ နိုင်ငံတော်သမ္မတရုံး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ နေပြည်တော်ကောင်စီတို့မှ အကြီးအကဲများနှင့် ဝန်ထမ်းမိသားစုများ၊ နေပြည်တော်ကောင်စီတို့မှ အကြီးအကဲများနှင့် ဝန်ထမ်းမိသားစုများ၊ နေပြည်တော်ကောင်စီနယ်မြေမှ ဘာသာရေးနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ကုမ္ပဏီများနှင့် အလှူရှင်ပြည်သူများက ဘွဲ့တံဆိပ်တော်ရဆရာတော်ကြီးများနှင့် သီလရှင်ဆရာကြီးများအား ဥပ္ပါတသန္တိစေတီတော်အဝင်လမ်းနှင့် စေတီတော်ပတ်လမ်းတစ်လျှောက်တို့၌ ဆွမ်းဆန်စိမ်းနှင့်လှူဖွယ်ပစ္စည်းများကို သဒ္ဓါကြည်ဖြူစွာဖြင့် လောင်းလှူပူဇော်ကြပါသည်။

ယင်းအခမ်းအနားတွင် သံဃာတော်အရှင်မြတ် ၁၅၂-ပါး၊ သီလရှင်ဆရာကြီး ၇-ပါး၊ လူပုဂ္ဂိုလ်အမျိုးသား ၁၈-ဦးနှင့် အမျိုးသမီး ၃၇-ဦးတို့ကား သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များကို ဆက်ကပ်လှူဒါန်းချီးမြှင့်ခဲ့ပါသည်။

ACA

ပညာရိပ်ငြိမ်

Since 1983

# ကိုယ်ပိုင်အထက်တန်းကျောင်း

မှတ်ပုံတင်အမှတ်-ကက-၁၃/၁၂/၀၀၉

http://www.aca-educentre.com





ခြံအမှတ် ၃၂၇/၁၊ မုဒီတာရင်ပြင်၊ ဥက္ကာ(၅)လမ်း၊ ဂ/ရပ်ကွက်၊ ဆေးတက္ကသိုလ်(၂)ရှေ့၊ မြောက်ဥက္ကလာပမြို့။

Ph : 691123, 691979, 09 73242687, 09 5057071, 09 73019477